# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၁၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မွေးကင်းစမှ အသက် ၁ နှစ် ၆ လအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ၅ နှစ်အထိ ကလေးငယ်များအား ဗီတာမင်ဆေးတိုက်ကျွေး



နေပြည်တော် ဩဂုတ် ၁၃

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် ၁ နှစ် ၆ လအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ၅ နှစ်အထိ ကလေးငယ်များအား ဗီတာမင်ဆေးတိုက်ကျွေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်ဆေးရုံ၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်မြေခံ တပ်မတော်ဆေးရုံမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မန္တလေးတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် ၁ နှစ် ၆ လအထိ ကလေးငယ် ၃၂၅ ဦးတို့ကို

*စာမျက်နှာ ၄ ကော်လံ ၁* ❑

**ယနေ့ ဖတ် စ ရာ**


**မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် တုံ့ပြန်ဆောင်ရွက်နေမှုအခြေအနေများအား ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း** ပြည်တွင်းသတင်း စာ ၈

**မြန်မာနှင့် ဆီးဂိမ်း** ဆောင်းပါး စာ ၁၀



**လာမည့်လအတွင်း အိန္ဒိယဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့ အမေရိကန်၌ တွေ့ဆုံသွားဖွယ်ရှိ** နိုင်ငံတကာသတင်း စာ ၁၄


# မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ငှက်ကြီးဝန်ပိုများ မိုးယွန်းကြီးအင်းသို့ ဝင်ရောက်ကျက်စား



ရန်ကုန် ဩဂုတ် ၁၃

ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ငှက်ကြီးဝန်ပို(Spot billed Pelican)များ ယခုလဆန်း၌ ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းသို့ ဝင်ရောက်ကျက်စားလျက်ရှိကြောင်း မိုးယွန်းကြီးအင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ငှက်ကြီးဝန်ပိုဆိုရင် ကမ္ဘာပေါ်မှာ မျိုးသုဉ်းဖို့နီးကပ်နေတဲ့ ရေပျော်ငှက်စာရင်းထဲမှာ ပါဝင်ပါတယ်။ ကောင်ရေနည်းလာတာကြောင့် ကျရောက်တဲ့ဒေသတွေမှာ ဝိုင်းဝန်းထိန်းသိမ်းနေတဲ့ မျိုးစိတ်တစ်မျိုးလည်းဖြစ်ပါတယ်။ ဒီနှစ်မိုးရာသီမှာ မိုးယွန်းကြီးအင်းကို ဝင်ရောက်ကျက်စားနေပါတယ်။ အင်းရေများရင် ပိုပြီးဝင်လေ့ရှိပါတယ်။ အခုလိုရှားပါးမျိုးစိတ်တွေ ဝင်ရောက်ကျက်စားတာဟာ အင်းကြီးရဲ့မူရင်းဒေသဖွံ့ဖြိုးလာမှုကို ပြသနေတာဖြစ်ပါတယ်"ဟု မိုးယွန်းကြီးအင်း အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးရာသီ၌ မိုးယွန်းကြီးအင်းတွင် စစ္စလီငှက်၊ တောဝမ်းဘဲ၊ ငှက်ကြား၊ ကြိုးကြာ၊ ခရုစုတ်ခေါင်းမဲ၊ ဘဲနီစပ်၊ ငှက်ကြား၊ ချည်ခင်စွပ် စသည့်

*စာမျက်နှာ ၄ ကော်လံ ၁* ❖




# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅) ကျင်းပ

## ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် အထူးအလေးထား လိုက်နာဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ စုစုပေါင်း ၄၀ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၄၅ ဦးက Video Conferencing ဖြင့် တက်ရောက်ကြသည်။



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

### အဆင့်ဆင့်ဖွဲ့စည်းထားရှိ

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများအား နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ဇွန်လ ၁၄ ရက်နေ့တွင် ပထမအကြိမ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ဒုတိယအကြိမ် ကြိုတင်ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"** ကို ဇူလိုင်လ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအား အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယနေ့တွင် ဗဟိုကော်မတီအစည်းအဝေးကို ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ထိပါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီများအား အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် အထူးအလေးထား လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့် အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူက ဇူလိုင်လ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"** အား ရှင်းလင်းတင်ပြပြီးနောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သက်နိုင်က အထွေထွေရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့် လျာထားအစီအမံများအား ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုံခြုံရေးအစီအမံများအား ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်တို့က အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထိုသို့ ဆွေးနွေးတင်ပြချက်များအပေါ် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၁၃

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၌ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် တက္ကသိုလ်များရှိဝန်ထမ်းသားသမီးများထဲမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၁၅၇ ဦးရှိပြီး အောင်မြင်သူ ၁၀၂ ဦးရှိသည့်အတွက် ၆၅ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ (၅)ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ (၄)ဘာသာဂုဏ်ထူးရရှိသူ ငါးဦး၊ (၃)ဘာသာဂုဏ်ထူးရရှိသူ ၁၅ ဦး၊ (၂)ဘာသာဂုဏ်ထူးရရှိသူ ရှစ်ဦး၊ (၁)ဘာသာဂုဏ်ထူးရရှိသူ ၁၀ ဦး စုစုပေါင်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၄၀၊ ရိုးရိုးအောင်မြင်သူ ၆၂ ဦး ဖြစ်ကြောင်း၊ ဂုဏ်ထူး(၁)ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းနှင့် ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၃၂ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ယနေ့အခမ်းအနားတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးခြင်းသည် ဘဝအတွက် ပညာရေးအချိုးအကွေ့တစ်ခုသာဖြစ်ပြီး တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ပညာများကို မိမိတို့ရရှိသည့် အမှတ်၊ မိမိတို့ဝါသနာပါရာကို စိစစ်ရွေးချယ်ပြီး ဆက်လက်ပညာသင်ယူဆည်းပူးကြရမည် ဖြစ်ကြောင်း၊ ဆုရရှိသည့် သားသမီးများအနေဖြင့်လည်း အနာဂတ်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသော ပညာတတ်လူငယ်လူရွယ်များ ဖြစ်လာစေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲကို ရိုးရိုးအောင်မြင်သူများနှင့် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူပြီး ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ**

နေပြည်တော် ဩဂုတ် ၁၃

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ (အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ အားကောင်းသော လေဖိအားနည်း ရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် တက္ကသိုလ်များနယ်မြေ(ရေဆင်း) ရှိ သစ်တောနှင့် ပတ်ဝန်းကျင် ဆိုင်ရာတက္ကသိုလ် ဘွဲ့နှင်းသဘင်




ခန်းမ၌ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယ ဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ နိုင်ငံအတွက် ထူးချွန်သောလူငယ်များစွာ ပေါ်ထွန်းလာစေရေး အတွက် ကြိုးစားအားထုတ်မှုကို ယခုကဲ့သို့ အသိအမှတ်ပြု ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ယခုအောင်မြင်မှုများကိုအခြေခံပြီး ဆက်လက်ကြိုးစားလေ့လာကြရန်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကောင်းကျိုး၊ ဆိုးကျိုးများကို ပညာဖြင့်သိမြင်ပြီး အမှားအမှန် ချင့်ချိန်ခွဲခြား အသုံးချတတ်ရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး နိုင်ငံတော်က အားကိုးအားထား ပြုထိုက်သူများဖြစ်အောင် ကြိုးပမ်းကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရှင်၊ လေးဘာသာ ဂုဏ်ထူးရှင်နှင့် သုံးဘာသာ ဂုဏ်ထူးရှင်များကို ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၀၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၄ ဦး အပါအဝင် စုစုပေါင်းအောင်မြင်သူ ၃၅၈ ဦးဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်း ၆၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ရွှေ့ဖုံးမှ*

ရေပျော်ငှက်များ ကျက်စားလျက်ရှိပြီး မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ငှက်ကြီးဝန်ပိုနှင့် ဥပန်းငှက်များလည်း ကျက်စားလျက်ရှိကြောင်း သိရသည်။

အာဆီယံနိုင်ငံများ၏ ဒေသမျိုးရင်းဖြစ်သည့် ငှက်ကြီးဝန်ပိုမျိုးစိတ်ကို စားကျက်မြေကောင်းသော အင်း၊ အိုင်နှင့် ဘေးမဲ့တောများရှိရာ အာဆီယံနိုင်ငံ အချို့တွင် တွေ့မြင်ရလေ့ရှိပြီး မိုးယွန်းကြီးအင်း၌ မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ရေပျော်ငှက်မျိုးစိတ် ၁၁ မျိုး ရာသီအလိုက် ဝင်ရောက်ကျက်စားလျက်ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်းတွင် ဆောင်းခိုငှက် သီးသန့်မျိုးစိတ်ဖြစ်သော ရေပျော်ငှက်မျိုးစိတ် ၅၆ မျိုး၊ ဌာနေရေပျော်ငှက်မျိုးစိတ် ၂၇ မျိုးဖြင့် စုစုပေါင်း ၈၃ မျိုး၊ သစ်တောငှက်မျိုးစိတ်(ကုန်းငှက်)တွင် ဌာနေမျိုးစိတ် ၈၀ နှင့် ဆောင်းခိုငှက် ၂၆ မျိုးဖြင့် စုစုပေါင်း ၁၀၆ မျိုး ရာသီအလိုက် ဝင်ရောက်ကျက်စားပြီး အင်းအတွင်း၌ ရေပျော်ငှက်၊ ဆောင်းခိုငှက်၊ ဌာနေငှက်နှင့် သစ်တောငှက်မျိုးစိတ်ပေါင်း ၁၈၉ မျိုး ကျက်စားလေ့ရှိကြောင်း သိရသည်။

ရမ်ဆာရေဝပ်ဒေသဖြစ်သော မိုးယွန်းကြီးအင်းသည် ၄၀ စတုရန်းမိုင်(၂၅၆၀၀ ဧက)ကျယ်ဝန်းပြီး စားကျက်မြေကောင်းမွန်မှုကြောင့် ရာသီမပြတ် ငှက်မျိုးစိတ်များ ဝင်ရောက်ကျက်စားလေ့ရှိရာ ယခုမိုးရာသီတွင် အင်းအတွင်း၌ စစ္စလီငှက်နှင့် တောဝမ်းဘဲများ အသိုက်များဖွဲ့၍ ဥများဥလျက်ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် တောရိုင်းတိရစ္ဆာန်များ၏ မူရင်းဒေသများ ပြန်လည်ထူထောင်ခြင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သုတေသနလုပ်ငန်းများအပြင် ငှက်စာရင်းကောက်ယူခြင်း၊ ငါးမျိုးစိတ်စာရင်းကောက်ယူခြင်း၊ အပင်မျိုးစိတ်စာရင်းကောက်ယူခြင်း၊ ကုန်းနေ၊ ရေနေ တွားသွားသတ္တဝါမျိုးစိတ်စာရင်းကောက်ယူခြင်း၊ အင်းရေအတိမ်အနက်စာရင်းပြုစုခြင်းနှင့် ရေအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းတို့ကို လစဉ်၊ နှစ်စဉ် ဆောင်ရွက်သည့်အပြင် အင်းပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် စာသင်ကျောင်းတို့၌ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးယွန်းကြီးအင်း ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကို ကြိုးပမ်းဆောင်ရွက်မှုဖြင့် နှစ်စဉ် ငှက်မျိုးစိတ်များ ဝင်ရောက်ကျက်စားမှု တိုးပွားလာလျက်ရှိကြောင်း သိရသည်။

**ခတ်ပုံ - ဇွဲမာန် - သစ္စာ( MNA)**

---

❑ *ရွှေ့ဖုံးမှ*

ဝက်သက်၊ ဂျိုက်သိုး၊ (BCG)၊ ဆံ့ဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးထိုးနှံခြင်းများကို လည်းကောင်း၊ ၅ နှစ်အထိ ကလေးငယ် ၈၅ ဦးအား ပိုလီယိုကာကွယ်ဆေးနှင့် ဗီတာမင်ဆေး တိုက်ကျွေးခြင်းများကို လည်းကောင်း ဆောင်ရွက်ပေးကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---



## ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori Kato အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori Kato အားယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် IOM တို့အကြား နှစ်ပေါင်း ၂၀ ကြာ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မန္တလေးငလျင်ဘေးသင့်သူများအား IOM မှ အရေးပေါ် အကူအညီပေးအပ်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးမှု၊ ဝန်ကြီးဌာနနှင့် IOM အကြား နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့် ငလျင်ဘေးသင့်ဒေသများတွင် ဆက်လက်အကူအညီများပေးအပ်နိုင်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ IOM ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် IOM ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**




အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor C11 (Standard) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Geely Geometry E အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် G-Energy Plus Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng (Aeolus) SKY EV 01 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပုဗ္ဗသီရိမြို့နယ် အထက(၃)ရွာတော်၌ အာဟာရရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ဟောပြော

**ပုဗ္ဗသီရိ ဩဂုတ် ၁၃**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထက(၃)ရွာတော်၌ အာဟာရရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောပွဲနှင့် အစာ( ၃) အုပ်စု၊ အသုပ်စုံပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဇေယျာသီရိခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လွင်လွင်ကျော်၊ ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀) ဆေးရုံအုပ်ကြီး ဒေါက်တာ သိမ့်သိမ့်ထွေး၊ အထက(၃)ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွမ်ခမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေး၊ ပုဗ္ဗသီရိမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ထက်မြက်လွင်တို့သည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အာဟာရရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောပွဲ အစာ(၃)အုပ်စု၊ အသုတ်စုံပြိုင်ပွဲ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ကဏ္ဍအလိုက် ယှဉ်ပြိုင်မှုများကို ဒိုင်နှင့် ကြီးကြပ်သူများအဖြစ် ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုဟောပြောပွဲ ဆောင်ရွက်ပြီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဇေယျာသီရိခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်လွင်လွင်ကျော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နန်းရွှေရတီ (ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်)အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်၍ အခြေခံပညာကျောင်းများအားလုံး ကျန်းမာရေးအဆင့်မြှင့်ကျောင်းများအဖြစ် သတ်မှတ်နိုင်ရေးကို ဒေသအလိုက်၊ ကျောင်းအလိုက် ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မိဘ/ ဆရာများနှင့်ပူးပေါင်းပြီး အတတ်နိုင်ဆုံး ဝိုင်းဝန်းအကောင်အထည်ဖော်ကြရန် တိုက်တွန်းပြောကြား လိုပါကြောင်း၊ ယခုပညာသင်နှစ် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ငန်းများအဖြစ် ကျောင်းအခြေပြုသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ကျောင်းများ မဖွင့်မီ ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ (၆) ပတ်တစ်ကြိမ် ပိုးလောက်လမ်း သေဆေး (အဘိတ်) ခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး အသိပညာပေးပြောကြားခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများနှင့် ကျောင်းမုန့်ဈေးတန်းများ ကျန်းမာရေးနှင့် ညီညွတ်စေရေးလုပ်ငန်းများကို ပညာရေးနှင့် ကျန်းမာရေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊



ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းကို (၂၀၂၄-၂၀၂၅) ပညာသင်နှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး (၂၀၂၅-၂၀၂၆) ပညာသင်နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြင့် (၂၀၂၅-၂၀၂၆) ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေး မြှင့်တင်စို့" ဆိုသည့်အတိုင်း နိုင်ငံ၏အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသားလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက (၂၀၂၅-၂၀၂၆) ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်မည့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း လုပ်ငန်းအပါအဝင် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်လှုပ်ရှားမှု ဗီဒီယိုကိုပြသပြီး တက်ရောက်လာကြသူများနှင့်အတူ (၂၀၂၅-၂၀၂၆) ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။(ဓါတ်ပုံ)

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် လှုပ်ရှားမှုများ ဆောင်ရွက်နေသည့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း (ဇမ္ဗူသီရိမြို့နယ်) သို့ သွားရောက်၍ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများဖြစ်သည့် ပဏာမမျက်စိကျန်းမာရေး စစ်ဆေးခြင်း၊ ကျောင်းကျန်းမာရေး စစ်ဆေးမှု မှတ်တမ်းကတ်များကို အသုံးပြုပြီး အထွေထွေကျန်းမာရေးစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးကုသမှုပေးခြင်း၊အလယ်တန်းကျောင်းသူများအား သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ အခြေခံပညာကျောင်းသား ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ပိုးလောက်လမ်း ကင်းစင်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများက အာဟာရပြည့်ဝမျှတသည့်အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း၊ ကျောင်းသား ကျောင်းသူကလေးများက အစာအုပ်စု သုံးအုပ်စုနှင့်ပတ်သက်၍ အာဟာရပညာပေးခြင်း၊ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးမှု ဆောင်ရွက်ခြင်း၊ စနစ်တကျလက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ် နမ္မတီးမြို့ရှိ ယာယီတိမ်းရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်း အခမ်းအနားကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၁၃**

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ပံ့ပိုးမှုဖြင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဒေသတွင်း တိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ပြသသည့် ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးကာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ပေးရခြင်းကို ရှင်းလင်းပြောကြား၍ပြသထားသည့် အခြေခံစက်ချုပ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် လက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားမြို့မှ မိုးကောင်းမြို့နယ် နမ္မတီးမြို့သို့ သွားရောက်ပြီး နမ္မတီးမြို့တော်ခန်းမ၌ မိုးကောင်းမြို့နယ်အတွင်းရှိ ယာယီတိမ်းရှောင်ပြည်သူများအတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့က ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်(ယာပုံ)၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မိုးကောင်းမြို့နှင့် နမ္မတီးမြို့များတွင် ထပ်မံတိမ်းရှောင်လာသော အိမ်ထောင်စု ၁၂၇ စုအတွက် ဆန်အိတ် ၁၂၇ အိတ်၊ ဆီ ၁၂၇ ပိဿာ၊ ကြက်ဥနှင့် ခေါက်ဆွဲ ခြောက်ဖာများ၊ အိမ်ထောင်စုများမှ ကျောင်းသားကလေးများအတွက် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘောပင်၊ ပေတံစသည့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ချီးမြှင့်ရာ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ခန်းမအတွင်း မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အိမ်ထောင်စုများအတွက် အခမဲ့ကျန်းမာရေး စစ်ဆေးကုသပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ပေးခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့လှရပ်ကွက် ကြံစက်ဝင်းအတွင်းရှိ နှစ်ခြင်းခရစ်ယာန်အသင်းတော်၏ ယာယီတိမ်းရှောင်စခန်း၌ မိခင်များအဖွဲ့မှ ကလေးငယ်များအတွက် အာဟာရကျွေးမွေးခြင်း အစီအစဉ်ဆောင်ရွက်နေမှု၊ ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ပေးမှုဖြင့် အိမ်တွင်းမှုသက်မွေးပညာ သင်တန်းများမှ ကိုယ်တိုင် ထုတ်လုပ်ထားသော အသင့်စား စားသောက်ကုန်များနှင့် ဆပ်ပြာရည်ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူအားပေးကြပြီး စခန်းအတွင်းရှိ ကလေးထိန်းကျောင်း၌ ကလေးငယ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နမ္မတီးမြို့ မြို့သာယာရပ်ကွက် ကြံစက်ဝင်း




အတွင်းရှိ စိန့်ထရေဇား ယာယီတိမ်းရှောင်စခန်းသို့ သွားရောက်ပြီး မိသားစုများ နေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နေအိမ်များ ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ဝါးဝယ်ယူနိုင်ရေး ငွေကျပ်သိန်း ၅၀ ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နမ္မတီးမြို့မှ တစ်ဆင့် နန့်လှိုင် ခေတ်မီစံပြကျေးရွာသို့သွားရောက်ပြီး ကျေးရွာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပထမနှစ်စက်ဝန်းမှ မတည်ငွေကျပ်သိန်း ၃၀၀ မတည်ပေးမှုဖြင့် ဝက်မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိသည့် ခြံသို့သွားရောက်၍ ဝက်ပေါက်များ ထပ်မံမွေးမြူကာ စီးပွားဖြစ်ထွန်းနေမှုကိုကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးအထောက်အကူပြု ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နန့်လှိုင်ကျေးရွာဘေးရှိ မြတောင်ကွင်းသို့ သွားရောက်ပြီး မြတောင်ကွင်းအတွင်းရှိ တောင်သူ ဦးမျိုးမျိုး၏ မိုးစပါးစိုက်လယ် ငါးဧကအတွင်း ဒေသခံတောင်သူများက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ အချိန်ကိုက်ရောစပ်ကြဲပက်ခြင်း တောင်သူအသိပညာပေးကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**

**(ပြန်/ဆက်)**

## မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကျင်းပ

ပုသိမ် ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ကိုယ်ဝန်ဆောင်များ၊ မိခင်များနှင့် ကလေးငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ထံ Global Earth Agro & Aqua Industry Public Co., Ltd. ကိုယ်စား တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများပေးအပ်၍ စံပြမိခင်ဆုရရှိသူများအား ဆုများပေးအပ်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ကလေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးဝါးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးဝါးများ တိုက်ကျွေးခဲ့ပြီး အမှတ်တရလက်ဆောင်ပေးအပ်ကာ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။(အပေါ်ပုံ)

ဆက်လက်၍ ပုသိမ်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးနေမှုကို ကြည့်ရှုအားပေးပြီး သန်ချဆေးနှင့် သံဓာတ်ဆေးဝါးများ တိုက်ကျွေးကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပုသိမ်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးကြပြီး မြို့တော်ခန်းမ၌ ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် တန်ဖိုးသင့်အာဟာရ အချက်အပြုတ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုအားပေး၍ အာဟာရပြည့်ဝသည့် အစားအစာများဖြစ်စေရေးနှင့် သန့်ရှင်းလတ်ဆတ်မှုရှိစေရေး မှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေကြီးရေလျှံမှုများကြောင့် ဘားအံမြို့ အမှတ်(၈) ရပ်ကွက်တွင် သံလွင်မြစ်ကမ်းပါးပြိုကျမှု ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုစစ်ဆေး

ဘားအံ ဩဂုတ် ၁၃

ကရင်ပြည်နယ် ဘားအံမြို့၌ ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှု ဖြစ်စဉ်များကြောင့် ဘားအံမြို့ အမှတ်(၈) ရပ်ကွက်တွင် သံလွင်မြစ်ကမ်းပါး အလျားပေ ၂၉၀၀ ခန့် ပြိုကျမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးပြီး(အောက်ပုံ) Floating Structure များ အမြန်ဆုံးတည်ဆောက်ကာကွယ်ရန်၊ လာမည့်ရေနည်းရာသီတွင် စစ်ဆေး၍ ကမ်းထိန်းလုပ်ငန်းအစီအမံများ ရေးဆွဲတင်ပြရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါ သံလွင်မြစ်ကမ်းပါးအနီး မွေးမြူရေးတောင်သူများ၏ ဒေသန္တား ၄၂ ကောင် တစ်ပိုင်တစ်နိုင်မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မေးမြန်းအားပေး၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အခမဲ့ချီးမြှင့်သော အာဟာရဆားခဲများကို ပေးအပ်ချီးမြှင့်ကာ ဘားအံမြို့နယ်၊ လှိုင်ရွာ - ကော့သပုတ် - ကော့ဒါန်းမယ် - ကောထမလိန်းလမ်း ရေကြီး၊ ရေတိုက်စားခြင်းကြောင့် လမ်းပခုံးနှင့် လမ်းတာပေါင် ထိခိုက်ပျက်စီးမှုကို ကျောက်ကြီးဖြည့် သဲကျပ်ခြင်း၊ ကျောက်စီနံရံ ပြုလုပ်ခြင်း၊ လမ်းပခုံးတုတ်ရိုက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးလမ်းပိုင်းများအား အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်၍ အများပြည်သူ စိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ AK ကုမ္ပဏီမှ B.O.T စနစ်ဖြင့်ဆောင်ရွက်သော သထုံ - ဘားအံ - ကော့ကရိတ် - မြဝတီလမ်းပိုင်းပေါ်ရှိ တံတားအမှတ် (၁/၃၂) ခုနစ်ပေ Box Culvert ကမ်းကပ်ခုံ ရေတိုက်စား၍ ထိခိုက်ပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)သို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို မေးမြန်းအားပေးပြီး အာဟာရဖြည့်စွက် အစားအစာများ ချီးမြှင့်ပေးအပ်ကာ အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ကုန် ပစ္စည်းများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ သွေးတိုးနှင့် ဆီးချိုရောဂါရှိ လူနာများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် ဩဂုတ် ၁၃

မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် သွေးတိုးနှင့် ဆီးချိုရောဂါရှိသူများအား ယနေ့ နံနက်ပိုင်းက ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။



ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းထွန်း ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအတွက် NCD Clinic အား အပတ်စဉ်အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့တို့တွင်ဖွင့်လှစ်၍ ဆေးကုသမှုပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# မြင်းခြံတက္ကသိုလ်၌ စားပွဲတင် တင်းနစ်နှင့် စစ်တုရင်ပြိုင်ပွဲများ ကျင်းပ

မြင်းခြံ ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ သင်တန်းနှစ်အသီးသီးအတွက် ဘာသာရပ်ပေါင်းစုံမှ စားပွဲတင် တင်းနစ်နှင့် စစ်တုရင်ပြိုင်ပွဲများကို ယနေ့နံနက်က အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် အားကစားပြိုင်ပွဲများဖြစ်သည့် စားပွဲတင်တင်းနစ် (အမျိုးသား) ပြိုင်ပွဲ၊ စားပွဲတင် တင်းနစ် (အမျိုးသမီး) ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။



ထို့နောက် စားပွဲတင်တင်းနစ် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ကျော်စွာ(မြင်းခြံ)**

# ကယားပြည်နယ် လွိုင်ကော်မြို့၌ ပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**လွိုင်ကော် ဩဂုတ် ၁၃**

လွိုင်ကော်မြို့ ဒေါတမရပ်ကွက်နေပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းကို ယနေ့နံနက်ပိုင်းက အောင်သီဟရပ်ကွက် မင်္ဂလာဂန္ဓာရုံကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်ဆန္ဒမဲပေးရန် ကူညီဆောင်ရွက်ပေးနေမှုများနှင့် ပြည်သူများက စိတ်ပါဝင်စားစွာ လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားများ ပြောကြားသည်။

MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းအား အောင်သီဟရပ်ကွက်နှင့် ရေနီကန်ကျေးရွာနေပြည်သူ ၃၀၀ ခန့်က ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဖလားအမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း အေရိုးဗစ်/ Fitness Dance ပြိုင်ပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို လွိုင်ကော်မြို့ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားရုံအမှတ်(၃)၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အားကစားနှင့်ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းသူများ၏ အေရိုးဗစ်သုံးဦးတွဲ လေ့ကျင့်သရုပ်ပြသမှုကိုကြည့်ရှုအားပေးပြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းအေရိုးဗစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အေရိုးဗစ်အားကစားအသင်းများ ယှဉ်ပြိုင်မှုကို ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အားကစားဝါသနာရှင်များက တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် အေရိုးဗစ်နှင့် Fitness Dance ပြိုင်ပွဲဝင်အသင်းများက အာရှမြန်မာသီချင်းဖြင့် စုပေါင်းသရုပ်ပြဖျော်ဖြေကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စတုတ္ထ၊ ပဉ္စမနှင့် နှစ်သိမ့်ဆုရရှိကြသည့်အသင်းများကို ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲတစ်လျှောက် ပါဝင်ဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများနှင့် အေရိုးဗစ် သုံးဦးတွဲ လေ့ကျင့်သရုပ်ပြအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်လူမှုရေးရာဝန်ကြီး၊ တတိယဆုရရှိသည့် အသင်းများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဒုတိယဆုရှိသည့်အသင်းများအား ပြည်နယ်တရားသူကြီးချုပ်တို့က တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အေရိုးဗစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့်Fitness Dance ပြိုင်ပွဲတွင် ပထမဆုရရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်၊ ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသားကျောင်းသူ ၂၆၈ ဦး ထပ်မံ၍ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၈၀၈၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ ဦးကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၈၃ဦးကိုသွေးအမျိုးအစားစစ်ဆေးပေး၍ အမျိုးသား တစ်ဦးကို ငှက်ဖျားပိုး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၆ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့အပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ တောင်ရပ်ကွက် ဟော်တော်ဘုန်းကြီးကျောင်းဝင်းအနီး လမ်းဘေး ဝဲ/ယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ် လားရှိုးခရိုင်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၃**

ရှမ်းပြည်နယ် လားရှိုးခရိုင်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီတွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် လားရှိုးခရိုင် စီမံခန့်ခွဲမှုအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လားရှိုးခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလက်စွဲများ ပြင်ဆင်ထားရှိမှုအခြေအနေများ၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံများ၊ မဲပေးစက် တပ်ဆင်နေရာချထားခြင်းနှင့်မဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူရေတွက်ပုံ အဆင့်ဆင့်များ၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများနှင့် လုံခြုံစိတ်ချရမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် စမ်းသပ်မဲပေးခြင်းအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

## မြစ်ကြီးနားမြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး ဟောပြော

**မြစ်ကြီးနား ဩဂုတ် ၁၃**

မြစ်ကြီးနားမြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေနိုင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်ပါ အခြေခံမူ (၄) ရပ်နှင့် ကလေးသူငယ်အခွင့်အရေး (၄) ရပ်တို့ကို အသိပညာပေးဟောပြောပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများအား ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

**၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၃**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အား ၇ ဒသမ ၇ အဆင့်ရှိ မန္တလေး ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုတွင် သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများအပါအဝင် အခြေခံ အဆောက်အအုံများ သောင်းနှင့်ချီ၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သာသနာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အစိုးရ စက်ရုံ/အလုပ်ရုံ၊ ရုံးအဆောက်အဦစသည့် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှုမှာ ငွေကျပ် ၄၇၇၉ ဘီလီယံကျော် ဖြစ်သည်။ လူနေအိမ်၊ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကစာသင်ကျောင်းများ၊ ဆေးရုံ/ ဆေးခန်းများ၊ စိုက်ပျိုးသီးနှံများ အစရှိသည့် ပုဂ္ဂလိကကဏ္ဍဆုံးရှုံးမှုမှာ ငွေကျပ် ဘီလီယံ ၃၂၀၀ ကျော် ဖြစ်သည့်အတွက် စုစုပေါင်းဆုံးရှုံးမှုမှာ မြန်မာကျပ်ငွေ ဘီလီယံ ၇၉၇၉ ကျော် အမေရိကန်ဒေါ်လာ သန်း ၃၈၀၀ ခန့် ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပျက်စီးဆုံးရှုံးမှုတွင် မန္တလေး တိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်က ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးက တတိယအများဆုံး ဖြစ်သည်။ ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုတွင် အစိုးရရုံး၊ အဆောက်အဦ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုက အများဆုံး ဖြစ်၍ လူနေအိမ်/ အဆောက်အဦများပျက်စီးမှုက ဒုတိယအများဆုံး၊ ဘာသာရေးအဆောက်အဦများ ပျက်စီးမှုက တတိယအများဆုံး ဖြစ်သည်။

ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ ငလျင်ဘေးစတင်ဖြစ်ပွားသည်မှ ၁၁-၈-၂၀၂၅ ရက်အထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုအတွက် ကျပ်ငွေ ၄၂ ဒသမ ၀၉၄ ဘီလီယံကျော်၊ သေဆုံးသူများ၏ မိသားစုများအား ထောက်ပံ့မှုအတွက် ကျပ်ငွေ ၄ ဒသမ ၇၃၃ ဘီလီယံကျော်၊ ဒဏ်ရာရသူများအတွက် ကျပ်ငွေ ၀ ဒသမ ၁၇၅ ဘီလီယံ၊ နေအိမ်များပြန်လည်တည်ဆောက်ရန် ကျပ်ငွေ ၁၆၀၅ ဒသမ ၅၇၁ ဘီလီယံကျော် စုစုပေါင်းကျပ်ငွေ ၁၆၅၂ ဒသမ ၅၇၃ ဘီလီယံကျော်ကို ထောက်ပံ့ထားရှိသည့်အပြင် ရှေးဦးပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ကျပ်ငွေ ၃၄၀ ဘီလီယံကျော်ကို သုံးစွဲပြီးဖြစ်သည်။ ပြည်တွင်း/ပြည်ပမှ လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲထောက်ပံ့ပြီးဖြစ်သည်။

ငလျင်ကြောင့် ရုံးများ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများပျက်စီးခဲ့ရာ ဝန်ထမ်းများ နေထိုင်နိုင်ရေးနှင့် ရုံးများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယာယီကွန်တိန်နာရုံး ၄၄၂ လုံး၊ ယာယီကွန်တိန်နာအိမ် ၉၀၄၈ လုံး၊ ယာယီ Prefabricated စာသင်ကျောင်းဆောင် ၂၀ ကို ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ယာယီနေအိမ် ၂၉၇၂ ခန်း ဆောက်လုပ်ခဲ့ပြီး ၁၂၇ ခန်း ဆောက်လုပ်ဆဲဖြစ်ကာ ယာယီစာသင်ဆောင် ၅၇ ဆောင် ဆောက်လုပ်ခဲ့ပြီး ၇ ဆောင် ဆောက်လုပ်ဆဲဖြစ်သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများအားလုံးကို ကျောင်းဖွင့်ချိန်တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးရုံ၊ ဆေးခန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ လမ်းပျက်စီးမှု၏ ၉၄ ဒသမ ၄၃ရာခိုင်နှုန်း၊ တံတားပျက်စီးမှု၏ ၃၈ ဒသမ ၈၃ရာခိုင်နှုန်း၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက် ပျက်စီးမှု၏ ၉၆ ဒသမ ၃၉ရာခိုင်နှုန်း ပြုပြင်ပြီးဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၇ ဒသမ ၁၉ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအနေဖြင့် ၉၈ ဒသမ ၆၁ရာခိုင်နှုန်း လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေးအတွက် ကဏ္ဍအလိုက်၊ အဖွဲ့အစည်းအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေ**

| စဉ် | ကဏ္ဍ | ပျက်စီးဆုံးရှုံးမှု(ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | **လူမှုရေးကဏ္ဍ** | | |
| | လူနေအိမ်/အဆောက်အဦ | ၂,၃၂၁,၄၉၄.၈၅၁ | ၂၉.၀၉၃ |
| | ပုဂ္ဂလိကယာဉ် | ၁၉,၀၁၇.၉၄၀ | ၀.၂၃၈ |
| | ပညာရေး | ၅၂၂,၄၆၂.၀၀၀ | ၆.၅၄၇ |
| | ကျန်းမာရေး | ၁၆၆,၆၆၆.၈၇၃ | ၂.၀၈၉ |
| | ဘာသာရေး | ၆၆၁,၄၀၁.၉၀၅ | ၈.၂၈၉ |
| | ယဉ်ကျေးမှု | ၅၀,၃၈၇.၅၀၈ | ၀.၆၃၁ |
| | **စုစုပေါင်း** | **၃,၇၄၁,၄၃၁.၀၇၇** | **၄၆.၈၈၇** |
| ၂ | **ထုတ်လုပ်မှုကဏ္ဍ** | | |
| | သီးနှံ | ၂၄၈.၈၇၅ | ၀.၀၀၃ |
| | တိရစ္ဆာန် | ၂,၁၃၃.၅၆၅ | ၀.၀၂၇ |
| | ဆည်မြောင်း၊ တာတမံ၊ ရေအရင်းအမြစ် | ၈၉,၃၄၄.၆၉၁ | ၁.၁၂၀ |
| | စက်ရုံ/အလုပ်ရုံ/လုပ်ငန်း | ၁၈၆,၆၃၉.၄၇၅ | ၂.၃၃၉ |
| | စီးပွားရေးလုပ်ငန်း | ၆၃၄,၄၀၀.၄၈၈ | ၇.၉၅၀ |
| | **စုစုပေါင်း** | **၉၁၂,၇၆၇.၀၉၄** | **၁၁.၄၃၉** |
| ၃ | **အခြေခံအဆောက်အဦကဏ္ဍ** | | |
| | လျှပ်စစ် | ၁၅၃,၉၀၂.၁၁၀ | ၁.၉၂၉ |
| | ပို့ဆောင်ရေး(လမ်း/တံတား/ရထားလမ်း) | ၂၅၇,၅၁၄.၅၉၆ | ၃.၂၂၇ |
| | ဆက်သွယ်ရေး | ၁၀,၁၅၁.၁၃၇ | ၀.၁၂၇ |
| | စွမ်းအင် | ၃၄၃.၂၇၀ | ၀.၀၀၅ |
| | **စုစုပေါင်း** | **၄၂၁,၉၁၁.၁၁၃** | **၅.၂၈၈** |
| ၄ | **အစိုးရဌာနဆိုင်ရာ** | | |
| | ရုံး၊ အဆောက်အဦ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာ | ၂,၉၀၃,၄၁၅.၆၇၂ | ၃၆.၃၈၆ |
| | **စုစုပေါင်း** | **၂,၉၀၃,၄၁၅.၆၇၂** | **၃၆.၃၈၆** |
| **စုစုပေါင်းပျက်စီးဆုံးရှုံးမှု** | | **၇,၉၇၉,၅၂၄.၉၅၆** | **၁၀၀.၀၀၀** |

**၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပျက်စီးဆုံးရှုံးမှု (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | ၃,၅၀၇,၂၇၀.၅၁၂ | ၄၃.၉၅၃ |
| ၂ | ကယားပြည်နယ် | ၆၉.၂၉၂ | ၀.၀၀၁ |
| ၃ | ကရင်ပြည်နယ် | ၂,၂၄၉.၆၉၃ | ၀.၀၂၈ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၆၅,၉၅၅.၄၅၂ | ၇.၀၉၃ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၃၈,၄၃၅.၂၉၇ | ၁.၇၃၅ |
| ၆ | မကွေးတိုင်းဒေသကြီး | ၅၉၁.၈၃၉ | ၀.၀၀၇ |
| ၇ | မန္တလေးတိုင်းဒေသကြီး | ၃,၆၃၁,၆၃၁.၆၉၆ | ၄၅.၅၁၂ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၈.၄၁၀ | ၀.၀၀၅ |
| ၉ | ရှမ်းပြည်နယ် | ၁၃၂,၉၃၅.၂၆၅ | ၁.၆၆၆ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၇.၅၀၀ | ၀.၀၀ |
| | **စုစုပေါင်း** | **၇,၉၇၉,၅၂၄.၉၅၆** | **၁၀၀.၀၀၀** |

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၁၃ ရက်အထိ သေဆုံးသူ ၃၇၇၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၅ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# မော်လမြိုင်မြို့ အဆင့်မြင့်ငါးဈေးသစ်၌ အအေးခန်းစက်ရုံတည်ဆောက်လာပါက လုပ်ငန်းလည်ပတ်မှု မြန်ဆန်လွယ်ကူလာမည်

**မော်လမြိုင် ဩဂုတ် ၁၃**

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရတနာထွန်းငါးဈေးသည် မြို့၏အဓိကလမ်းမကြီးဖြစ်သည့် ကမ်းနားလမ်းအဆုံးတွင်တည်ရှိပြီး အနံ့အသက်များထွက်ခြင်း၊ ရေသုံးစွဲမှု များပြားခြင်းကြောင့် လမ်းများပေါက်ပြဲ ပျက်စီးလာသည့်အတွက် ဇွန် ၂၀ ရက်မှစတင်ကာ မုပ္ပန်တိုးချဲ့အိမ်ရာကွက် အဆင့်မြင့်ငါးဈေးသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သားငါးဈေးတန်းများတွင် ဈေးသူ၊ ဈေးသားများ လွတ်လပ်အေးချမ်းစွာ ဈေးရောင်းချနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ရတနာထွန်း သားငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ရောင်းချသည့်ဈေးတွင် မြို့အတွင်း၌ရှိသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများကြုံတွေ့ရခြင်း၊ လူနေရပ်ကွက်နှင့်နီးစပ်ခြင်း၊ အမှိုက်နှင့် အနံ့အသက်ဆိုးများ ကင်းဝေးစေရန်အတွက် ယခုနေရာတွင် အဆင့်မြင့်ငါးဈေးသစ်တည်ဆောက်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မော်လမြိုင်ငါးဈေးသစ်ကြီးအတွင်း ငါးရောင်းချရာတွင် မရှိမဖြစ်လိုအပ်သည့် ရေခဲစက်နှင့်ငါးများ သိုလှောင်ထားရှိရန် အအေးခန်းစက်ရုံတည်ဆောက်လာပါက အဆင့်မြင့် ငါးဈေးသစ်ကြီးလုပ်ငန်းလည်ပတ်မှုမှာ မြန်ဆန်လွယ်ကူလာမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မှာကြားပြီး ဈေးသူ၊ ဈေးသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ဘိုကလေးမြို့နယ်အတွင်းမှ ဆန်စက်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ဘိုကလေး ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနက ယမန်နေ့တွင် မြို့နယ်အတွင်းရှိ ဆန်စက်များသို့ ကွင်းဆင်း၍ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

စစ်ဆေးရာတွင် မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယ မီးသတ်ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ဆန်စက်များ၌ မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ ထားသိုမှုအခြေအနေများ၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှု အခြေအနေများကို စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ပြီး ဆန်စက်ပိုင်ရှင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ရှားရမည့် အချက်များကို အသိပညာပေးဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

ဖိလစ်ပိုင်ဂိုးသမား ခပ်ကြမ်းကြမ်းဖျက်ထုတ်သဖြင့် ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းကပင် အမှားအယွင်းမရှိ ကန်သွင်းခဲ့သဖြင့် မြန်မာအသင်း ဂိုးရခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းကစားသလို ဖိလစ်ပိုင်အသင်းကလည်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သည်။ ၇၁ မိနစ်တွင် မြန်မာအသင်း ခံစစ်ဖျက်ထုတ်ပုံ မသေသပ်ရာမှ တစ်ဆင့် နီနာက ဖိလစ်ပိုင်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီးနောက် လက်ကျန်မိနစ်များမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး မြန်မာအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးရသော်လည်း ယွန်းဝတီလှိုင် အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ အိမ်ရှင်ဗီယက်နမ်အသင်းက ကိုးမှတ်ဖြင့် အုပ်စု ပထမ၊ ထိုင်းအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ မြန်မာအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ဩစတြေးလျအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၆ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ထိုင်း၊ အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ဩစတြေးလျအသင်း တွေ့ဆုံနေသည်။ နောက်ဆုံးကျင်းပသည့် ၂၀၂၂ ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ဖိလစ်ပိုင်အသင်းမှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီး ချန်ပီယံဆု လက်လွှတ်ခဲ့ရသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

❍ *ကျောဖုံးမှ*

ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေ ခန့်ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❒ *ကျောဖုံးမှ*

ကနဦးပြောင်းရွှေ့ကြေးပေါင် ၃၀ ဒသမ ၃ သန်းနှင့် စွမ်းဆောင်ရည်အလိုက် ထပ်ဆောင်းကြေးပေါင် ၄ ဒသမ ၃ သန်း ပေးချေရမည်ဖြစ်သည်။

ဒီယာကီတေးသည် ဘုန်းမောက်အသင်း၏ ဒုတိယမြောက် ဈေးအကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီ လီဂူးဝမ်းတွင် ၃၁ ပွဲ ပါဝင်ကစားထားပြီး အသင်းကို အဆင့် ၅ နေရာဖြင့် ရာသီပိတ်သိမ်းနိုင်အောင် ကူညီပေးထားနိုင်သည်။

ဘုန်းမောက်အသင်းသည် ဇွန်လတွင် ရင်းနက်စ်အသင်းမှ ဘယ်ခံစစ်ကစားသမား အက်ဒရီယန် ထရုဖာ့သ်ကို ပြောင်းရွှေ့ကြေးပေါင် ၁၄ ဒသမ ၄ သန်းဖြင့် ခေါ်ယူအားဖြည့်ထားသည်။

ဘုန်းမောက်အသင်းသည် ဩဂုတ် ၁၆ ရက်တွင် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် အသင်းကြီး လီဗာပူးအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ် သည်။

**အောင်ဇော်**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel) တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၅–၈–၂၀၂၅)ရက်(သောကြာနေ့)ညတွင် မိုးရာသီနှင့် သက်ဆိုင်သည့် ခေတ်ပေါ်စတူရီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာန အဆိုရှင်များစုပေါင်း၍ **“မိုးစက်လေးများ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၁၅–၈–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “မိုးစက်လေးများ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဒေဝါမိုးလေးဝဋ္ဋလည်မယ် | ပြင်ပအဆိုရှင် |
| ၂။ | မိုး | ပြင်ပအဆိုရှင် |
| ၃။ | မိုး | ပြင်ပအဆိုရှင် |
| ၄။ | မိုးရာသီထဲ | ပြင်ပအဆိုရှင် |
| ၅။ | လေပြေ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၆။ | ယောက်ဖရေ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၇။ | ရွာသာရွာပါမိုး | ဌာနအဆိုရှင် |
| ၈။ | အချစ်သည်လေပြေ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၉။ | အလွမ်းမိတ်ဆွေ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၁၀။ | မိုးစက်လေးများ | ပြင်ပအဆိုရှင် |
| ၁၁။ | ကြယ်စင်မိုး | ဌာနအဆိုရှင် |
| ၁၂ | ဓာတ်ပြားဟောင်းတစ်ချပ် | ပြင်ပအဆိုရှင် |

# မိုးမြေပဲစံကွက် တစ်ဧက အစိုထွက် ၇၂ တင်းကျော်ထွက်ရှိ

**ကျွန်းလှ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီစိုက်ပျိုးသော မိုးမြေပဲအထွက်နှုန်းသိရှိနိုင်ရန်အတွက် ယမန်နေ့က မန်ကျည်းအင်းကျေးရွာ ကွင်းအမှတ် (၂၉၄)၊ တောင်သူ ဦးတင်ဌေးဝင်း၏ မကွေး (၁၆) မြေပဲမျိုး စိုက်ခင်းသုံးဧက၌ စံကွက်ရိတ်သိမ်းကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများပူးပေါင်းပြီး မြေပဲစိုက်ခင်းအတွင်း ၆ ဒသမ ၆ ပေပတ်လည် စံကွက်ရိတ်သိမ်းရာ တစ်ဧက အစိုထွက် ၇၂ တင်းကျော် ထွက်ရှိကြောင်း သိရသည်။ ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံအဖြစ် မြေပဲကို အဓိကစိုက်ပျိုးကြကြောင်း၊ ယခုမိုးရာသီ၌ မြေပဲ ၇၂၄၅ ဧက၊ နှမ်း ၁၂ ဧက၊ နေကြာ ၅၁ ဧက စုစုပေါင်း ၇၃၀၈ ဧက (၉၉ ဒသမ ၉၂) ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို**

# မြန်မာနှင့် ဆီးဂိမ်း

**အားကစားဝါသနာရှင်တစ်ဦး**

**ယခု အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(SEA Games)ဟု ခေါ်တွင်သော အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games) ကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ကျင်းပခဲ့သည်။**

### ပထမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲ

အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကျင်းပရန် စဉ်းစားစိုင်းပြင်းခဲ့သည်မှာ ၁၉၅၈ ခုနှစ် တိုကျိုအာရှအိုလံပစ်အားကစားပြိုင်ပွဲကျင်းပပြုလုပ်စဉ်ကဖြစ်သည်။ ထိုင်းနိုင်ငံက ဦးဆောင်လှုံ့ဆော်ကာ မြန်မာ၊ လာအို၊ မလေးယား(ယခု မလေးရှား)တို့ကို ဖိတ်ကြားပြီး အိမ်နီးချင်းအရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများ၏ အားကစားတိုးတက်ရေးအတွက် အားကစားပြိုင်ပွဲတစ်ရပ် ပြုလုပ်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများမှ အားကစားသမားများသည် အာရှအိုလံပစ်နှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် နိုင်ငံတကာအတွေ့အကြုံ၊ အရည်အချင်းနှင့် စွမ်းရည်ပြည့်ဝရန်လိုအပ်သည်။ အဆိုပါအရည်အချင်း၊ စွမ်းရည်များပြည့်ဝရန်အတွက် အဆင့်အတန်းတူညီသည့် ကျွန်းဆွယ်နိုင်ငံအချင်းချင်း ယှဉ်ပြိုင်စမ်းသပ် အကဲခတ်ရန်လိုသည်။ ထို့ပြင် အာရှအိုလံပစ်နှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများကြားတွင် ကျွန်းဆွယ်ပြိုင်ပွဲကို ပြုလုပ်ခြင်းဖြင့် ကျွန်းဆွယ်အားကစားသမားများ အဆင့်အတန်းကို ခန့်မှန်းနိုင်သည် စသည်ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး ပထမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် ဗန်ကောက်မြို့၌ ပြုလုပ်ရန်နှင့် ပြိုင်ပွဲကို နှစ်နှစ်လျှင် တစ်ကြိမ်ပြုလုပ်ရန်၊ ကမ္ဘောဒီးယားနှင့် ထိုစဉ်က တောင်ဗီယက်နမ်တို့ကိုလည်း လက်ခံရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ၁၉၅၉ ခုနှစ် ဇွန်လတွင် ဗန်ကောက်မြို့၌ ကျွန်းဆွယ်အားကစားအဖွဲ့ချုပ် အစည်းအဝေးပွဲတစ်ရပ်ပြုလုပ်ပြီး ပြိုင်ပွဲစည်းကမ်းများရေးဆွဲခဲ့ကြသည်။ ကမ္ဘာ့အားကစားအဖွဲ့ချုပ်များက အသိအမှတ်ပြုထားသော အားကစားပြိုင်ပွဲများကို သာထည့်သွင်းကျင်းပရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် စင်ကာပူနိုင်ငံကိုလည်း အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ သို့သော် ပထမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ ကျင်းပသည့်အခါ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ ပြဿနာဖြစ်နေ၍ ကမ္ဘောဒီးယားက လာရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ချေ။

သို့ဖြစ်၍ ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲသို့ အိမ်ရှင် ထိုင်း၊ မြန်မာ၊ မလေးယား (ယခု မလေးရှား)၊ စင်ကာပူ၊ တောင်ဗီယက်နမ်နှင့် လာအိုနိုင်ငံ စုစုပေါင်း ခြောက်နိုင်ငံမှသာ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာခြင်းလုံးအသင်းအတွက် ရွှေတံဆိပ်ဆု ရရှိခဲ့သော အမျိုးသမီး Sames Stoke- Event-2 ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးခြင်းလုံးအသင်း၏ ခြင်းလုံးယှဉ်ပြိုင်ကစားဟန်ကို တွေ့ရစဉ်။ (၇-၅-၂၀၂၃)

### မပျက်မကွက် ပါဝင်ဆင်နွှဲခဲ့

မြန်မာနိုင်ငံအနေဖြင့်မူ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ စတင်သန္ဓေတည် ပေါ်ပေါက်လာရန် ကြိုးပမ်းခဲ့သည့် ဦးဆောင်နိုင်ငံပီပီ ပထမအကြိမ်ပြိုင်ပွဲမှ ယခုလာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတိုင် အကြိမ်တိုင်း မပျက်မကွက် ပါဝင်ဆင်နွှဲခဲ့သည်။

အိမ်ရှင်နိုင်ငံအနေဖြင့်လည်း ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကို ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်၌လည်းကောင်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ အောင်မြင်မှုအစဉ်အလာနှင့် ရွှေရောင်တောက်ပခဲ့သော သမိုင်းမှတ်တမ်းကောင်းများစွာကိုလည်း ရေးထိုးနိုင်ခဲ့သည်။

ဗွေဆော်ဦးကျင်းပသည့် ၁၉၅၉ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲမှာပင် မြန်မာအားကစားအဖွဲ့သည် အုပ်ချုပ်သူ ၂၄ ဦး၊ အမျိုးသားအားကစားသမား ၉၈ ဦး၊ အမျိုးသမီးအားကစားသမား လေးဦးတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁၁ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၄ ခုဖြင့် စုစုပေါင်း ဆုတံဆိပ် ၄၀ ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် ဒုတိယရရှိခဲ့သည်။

အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေ၃၅၊ ငွေ ၂၆၊ ကြေး ၄၃ ဖြင့် စုစုပေါင်း ၁၀၄ ခုဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခုနစ်နိုင်ငံအနက် ပထမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၆၅ ခုနှစ် တတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၈၊ ငွေ ၇၊ ကြေး ၁၈ ဖြင့် စုစုပေါင်း ၃၃ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခြောက်နိုင်ငံအနက် စတုတ္ထရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ကျင်းပသည့် ၁၉၆၇ ခုနှစ် စတုတ္ထအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၁၁၊ ငွေ ၂၆၊ ကြေး ၃၂ ဖြင့် စုစုပေါင်း ၆၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခြောက်နိုင်ငံအနက် စတုတ္ထရရှိခဲ့သည်။

### ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့

မြန်မာနိုင်ငံက ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၅၇၊ ငွေ ၄၆၊ ကြေး ၄၆ ဖြင့် စုစုပေါင်း ၁၄၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခြောက်နိုင်ငံအနက် ပထမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၂၀၊ ငွေ ၂၈၊ ကြေး ၁၃ ဖြင့် စုစုပေါင်း ၆၁ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခုနစ်နိုင်ငံအနက် စတုတ္ထရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ဆက်လက်ကျင်းပသည့် ၁၉၇၃ ခုနှစ် သတ္တမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၂၈၊ ငွေ ၂၄၊ ကြေး ၁၅ ဖြင့် စုစုပေါင်း ၆၇ ခုဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခုနစ်နိုင်ငံအနက် စတုတ္ထရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၇၅ ခုနှစ် အဋ္ဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၂၈၊ ငွေ ၃၅၊ ကြေး ၃၃ ဖြင့် စုစုပေါင်း ၉၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် လေးနိုင်ငံအနက် တတိယရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၇၇ ခုနှစ် နဝမအကြိမ်ပြိုင်ပွဲတွင်မူ ကျွန်းဆွယ်မဟုတ်သည့် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့ပါဝင်လာ၍ ကျွန်းဆွယ်အမည်ဖြုတ်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့သည်။ သို့ရာတွင် ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လာအိုတို့ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိ၍ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံ အပါအဝင် စုစုပေါင်း ခုနစ်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအားကစားအဖွဲ့က ရွှေ ၂၅၊ ငွေ ၄၂၊ ကြေး ၄၃ ဖြင့် စုစုပေါင်း ၁၁၀ ဆွတ်ခူးရရှိခဲ့ပြီး စတုတ္ထရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၇၉ ခုနှစ် ဒသမအကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၂၆၊ ငွေ ၂၆၊ ကြေး ၂၄ ဖြင့် စုစုပေါင်း ၇၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခုနစ်နိုင်ငံအနက် တတိယရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ၁၉၈၁ ခုနှစ် (၁၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၅၊ ငွေ ၁၉၊ ကြေး ၂၇ ဖြင့် စုစုပေါင်း ၆၁ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခုနစ်နိုင်ငံအနက် ပဉ္စမရရှိခဲ့သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ၁၉၈၃ ခုနှစ် (၁၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၈၊ ငွေ ၁၅၊ ကြေး ၁၇ ဖြင့် စုစုပေါင်း ၅၀ ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ရှစ်နိုင်ငံအနက် ပဉ္စမရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၈၅ ခုနှစ် (၁၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၃၊ ငွေ ၁၉၊ ကြေး ၃၄ ဖြင့် စုစုပေါင်း ၆၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ရှစ်နိုင်ငံအနက် ဆဋ္ဌမရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၈၇ ခုနှစ် (၁၄) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၃၊ ငွေ ၁၅၊ ကြေး ၂၀ ဖြင့် စုစုပေါင်း ၄၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ရှစ်နိုင်ငံအနက် ဆဋ္ဌမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၈၉ ခုနှစ် (၁၅) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၀၊ ငွေ ၁၄၊ ကြေး ၂၀ ဖြင့် စုစုပေါင်း ၄၄ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ကိုးနိုင်ငံအနက် ဆဋ္ဌမရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ၁၉၉၁ ခုနှစ် (၁၆) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၂၊ ငွေ ၁၆၊ ကြေး ၂၉ ဖြင့် စုစုပေါင်း ၅၇ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ကိုးနိုင်ငံအနက် ဆဋ္ဌမရရှိခဲ့သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ၁၉၉၃ ခုနှစ် (၁၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၈၊ ငွေ ၁၃၊ ကြေး ၁၆ ဖြင့် စုစုပေါင်း ၃၇ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ကိုးနိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၉၅ ခုနှစ် (၁၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၄၊ ငွေ ၂၁၊ ကြေး ၃၇ ဖြင့်စုစုပေါင်း ၆၂ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၉၇ ခုနှစ် (၁၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၈၊ ငွေ ၃၄၊ ကြေး ၄၄ ဖြင့် စုစုပေါင်း ၈၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဘရူနိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၉၉ ခုနှစ် အကြိမ် (၂၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်မူ ရွှေ ၃၊ ငွေ ၁၀၊ ကြေး ၁၀ ဖြင့် စုစုပေါင်း ၂၃ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် အဋ္ဌမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၀၁ ခုနှစ် (၂၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၉၊ ငွေ ၁၄၊ ကြေး ၅၃ ဖြင့် စုစုပေါင်း ၈၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ၂၀၀၃ ခုနှစ် (၂၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၆၊ ငွေ ၄၃၊ ကြေး ၅၀ ဖြင့်စုစုပေါင်း ၁၀၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် (၂၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ***စာမျက်နှာ ၁၁ သို့***

**❑ အားကစားသမားများသည် အာရှအိုလံပစ်နှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် နိုင်ငံတကာအတွေ့အကြုံ၊ အရည်အချင်းနှင့် စွမ်းရည်ပြည့်ဝရန် လိုအပ်သည်။ အဆိုပါ အရည်အချင်း၊ စွမ်းရည်များပြည့်ဝရန်အတွက် အဆင့်အတန်းတူညီသည့် ကျွန်းဆွယ်နိုင်ငံအချင်းချင်း ယှဉ်ပြိုင်စမ်းသပ် အကဲခတ်ရန်လိုသည်။ ထို့ပြင် အာရှအိုလံပစ်နှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများကြားတွင် ကျွန်းဆွယ်ပြိုင်ပွဲကို ပြုလုပ်ခြင်းဖြင့် ကျွန်းဆွယ်အားကစားသမားများ အဆင့်အတန်းကို ခန့်မှန်းနိုင်**

## ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁၃**

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အိမ်တွင်းအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းများ ကာကွယ်စောင့်ရှောက်ရန် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်လှလှဝင်း၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ကျော့သက်ထားဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ဥပဒေရုံးမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ် ဆရာ ဆရာမများ၊ နည်းပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဒုရဲအုပ် လင်းထွဋ်က လူကုန်ကူးမှုဆိုင်ရာနှင့်ပတ်သက်၍ သိကောင်းစရာများကို အသိပညာပေး ဟောပြောခြင်း၊ မြို့နယ်ဒုတိယဥပဒေအရာရှိ ဦးကောင်းစည်သူက အိမ်တွင်းအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းများ ကာကွယ်စောင့်ရှောက်မှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် မှုခင်းကာကွယ်ရေးအတွက် အမျိုးသမီးများ သိသင့်သော ဥပဒေပုဒ်မများကို အသိပညာပေးရှင်းလင်းပြောကြားသည်။



**ကျော်သန်း(ပြန်/ဆက်)**

## မင်းတုန်းမြို့နယ် အစားထိုးသီးနှံပျိုးပင်နှင့် သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့

**မင်းတုန်း ဩဂုတ် ၁၃**

မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် မျိုးစေ့၊ ပျိုးပင်နှင့် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး(ယာယီ) ဦးကျော်သန်းစိန်က အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစားထိုးသီးနှံဖွံ့ဖြိုးရေးအတွက် ယင်းကောက်ကျေးရွာ၊ ချောက်လန်ကျေးရွာ၊ ကန်ကျောကျေးရွာနှင့် ငကုန်းကျေးရွာတို့မှ တောင်သူ ၃၀ ကို ပိန္နဲပင် ၁၀၀၊ စပါးမျိုးစေ့ တင်း ၂၀၊ မြေပဲမျိုးစေ့ ၁၂ တင်းနှင့် ဓာတ်မြေဩဇာ နှစ်တန် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

---

*စာမျက်နှာ ၁၀ မှ*

- ◆ **ခေတ်ဦးကျွန်းဆွယ်ပြိုင်ပွဲနှင့် အရှေ့တောင်အာရှ ဆီးဂိမ်းအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်အများဆုံး ဆွတ်ခူးရရှိရန် အဓိက ဒေါက်တိုင်အဖြစ် မတည်ပေးခဲ့သော အားကစားနည်းများမှာ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ လက်ဝှေ့၊ ဘောလုံးနှင့် ဘော်လီဘော အားကစားနည်းများဖြစ်**
- ❖ **ဂျင်မီကရမ်တန်ဆိုလျှင် ဆဋ္ဌမကျွန်းဆွယ်ပြိုင်ပွဲတွင် ခြေနာနေသောဒဏ်ကြောင့် ဖိနပ်မစီးဘဲ ယှဉ်ပြိုင်ခဲ့ရာ ခြေထောက်မှ သွေးများ ယိုစီးနေသော်လည်း အားမာန်မလျှော့ဘဲ ဆက်လက်ယှဉ်ပြိုင်ခဲ့**

ရွှေ ၁၇၊ ငွေ ၃၄၊ ကြေး ၄၈ ဖြင့် စုစုပေါင်း ၉၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမ ရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၂၀၀၇ ခုနှစ် (၂၄) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၄၊ ငွေ ၂၆၊ ကြေး ၄၇ ဖြင့် စုစုပေါင်း ၈၇ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

လာအိုနိုင်ငံ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် (၂၅) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၂၊ ငွေ ၂၂၊ ကြေး ၃၇ ဖြင့် စုစုပေါင်း ၇၁ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဋ္ဌမရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၆၊ ငွေ ၂၇၊ ကြေး ၃၇ ဖြင့် စုစုပေါင်း ၈၂ ခုဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

မြန်မာနိုင်ငံက တတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သော ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်မူ မြန်မာအားကစားအဖွဲ့သည် ရွှေ ၈၄၊ ငွေ ၆၃၊ ကြေး ၈၄ ဖြင့် စုစုပေါင်း ၂၃၁ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် ဒုတိယရရှိခဲ့သည်။

စင်ကာပူနိုင်ငံ၌ကျင်းပသည့် ၂၀၁၅ ခုနှစ် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၂၊ ငွေ ၂၆၊ ကြေး ၃၁ ဖြင့် စုစုပေါင်း ၆၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၇၊ ငွေ ၁၀၊ ကြေး ၂၀ ဖြင့် စုစုပေါင်း ၃၇ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ် အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၄၊ ငွေ ၁၈၊ ကြေး ၅၁ ဖြင့် စုစုပေါင်း ၇၃ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၉၊ ငွေ ၁၈၊ ကြေး ၃၅ ဖြင့် စုစုပေါင်း ၆၂ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပသည့် ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၂၁၊ ငွေ ၂၅၊ ကြေး ၆၈ ဖြင့် စုစုပေါင်း ၁၁၄ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဋ္ဌမရရှိခဲ့သည်။

### အောင်မြင်မှုစံနှုန်းကို အမြင့်မားဆုံး စိုက်ထူစွမ်းဆောင်နိုင်ခဲ့

ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်နှင့် နိုင်ငံအလိုက် အဆင့် ရပ်တည်မှုစာရင်းဇယားများကို လေ့လာကြည့်လျှင် မြန်မာအားကစားအဖွဲ့သည် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယကျွန်းဆွယ်ပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတို့တွင် ပထမ၊ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ဒုတိယ၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၇၅ ခုနှစ် အဋ္ဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ဒသမအကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် တတိယဖြင့် အောင်မြင်မှုစံနှုန်းကို အမြင့်မားဆုံး စိုက်ထူစွမ်းဆောင်နိုင်ခဲ့သည်။

ထို့အတူ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၅ ခုနှစ် (၁၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၉ ခုနှစ် အကြိမ် (၂၀) မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ် ၄ ခု၊ ရွှေတံဆိပ် ၃ ခုနှင့် ရွှေတံဆိပ် ၄ ခု သာရရှိခဲ့၍ ကျွန်းဆွယ်ပြိုင်ပွဲနှင့် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ရွှေတံဆိပ် အနည်းဆုံးပြိုင်ပွဲများအဖြစ် တွေ့မြင်ရမည်ဖြစ်ပေသည်။

ခေတ်ဦးကျွန်းဆွယ်ပြိုင်ပွဲနှင့် အရှေ့တောင်အာရှ ဆီးဂိမ်းအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်အများဆုံးဆွတ်ခူးရရှိရန် အဓိက ဒေါက်တိုင်အဖြစ် မတည်ပေးခဲ့သော အားကစားနည်းများမှာ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ လက်ဝှေ့၊ ဘောလုံးနှင့် ဘော်လီဘောအားကစားနည်းများ ဖြစ်ပေသည်။

### ငါးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဆိုလျှင် ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁ နှင့် ၁၉၇၃ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတို့တွင် ငါးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ရုံမက ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ် အာရှအားကစားပြိုင်ပွဲချန်ပီယံ၊ ၁၉၆၈ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယ၊ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုတို့အပြင် ဖိတ်ခေါ်ဖလားပြိုင်ပွဲများ ချန်ပီယံဆုရှင်အဖြစ် အောင်မြင်မှုသမိုင်းအစဉ် အလာကြီးမားခဲ့သည်။

ထို့အတူ အလေးမအားကစားနည်းဆိုလျှင်လည်း ၁၉၆၅ ခုနှစ် တတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဆွတ်ခူးရရှိခဲ့သည့် ရွှေတံဆိပ် ၈ ခု၊ ငွေတံဆိပ် ၇ ခုနှင့် ကြေးတံဆိပ် ၁၈ ခုအနက် မြန်မာအလေးမအားကစားအဖွဲ့က ရွှေတံဆိပ်၅ ခု၊ ငွေတံဆိပ်၃ ခုဖြင့် အများဆုံးရယူပေးနိုင်ခဲ့သည်။

မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့ဆိုမူ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၀၊ ၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ထိုင်း၊ စင်ကာပူတို့ကို အနိုင်ရကာ ရွှေတံဆိပ် ၆ ခု ရယူဆွတ်ခူးပေးခဲ့ပြီး ကျွန်းဆွယ်နှင့် အရှေ့တောင်အာရှဆီးဂိမ်းအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲများတွင် အောင်ပွဲအလီလီဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဖြစ်ကြသည့် ဂျင်နီဖာတင်လေး(သံလုံးပစ်)၊ မမိုးစံ(တာတိုပြေး)၊ ဂျင်မီကရမ်တန်(တာလတ်ပြေး)၊ ရှင်မွေဂန်း(တာဝေးပြေး)၊ မမိုးအေး(ခ)ဂရေစီကား(ပြေးခုန်ပစ်)၊ စိုးမရ(ဝါးလုံးထောက်ခုန်)၊ မဖြူဖြူ(ဘော်လီဘော)၊ ကြည်ညွန့်(ကြက်တောင်)၊ တင်မောင်နီ(ရေကူး)၊ တင်ထွန်း(လက်ဝှေ့)၊ သိန်းမြင့်(လက်ဝှေ့)၊ ထွန်းမောင်(အလေးမ)၊ ချစ်မြ(အလေးမ)၊ ဦးစိန်လှိုင်(ဘောလုံး)၊ ဗဟာဒူး(ဘောလုံး)၊ တင်အောင်(ဘောလုံး)၊ လှငွေး(ဘောလုံး)တို့၏ အားကစားအောင်မြင်မှုများကို အားကစားကလောင်ရှင် ဆရာမောင်ရဲဝင်းက **“မြန်မာ့အားကစား လူရည်ချွန်များ”** အမည်ဖြင့် စာအုပ်ရေးသားထုတ်ဝေခဲ့သည်။

ထို့အတူ အားကစားကလောင်ရှင်ဆရာ ဗဟိုသိမ်းဆောင်ကလည်း **“အာရှဘောလုံးနှင့် မြန်မာ့ကြယ်ပွင့်များ”**အမည်ဖြင့် ဗဟာဒူး၊ ခင်မောင်ထွန်း(ဂိုး)၊ ဘပု၊ မောင်မောင်၊ တင်အေး၊ အောင်ခင်၊ ဝင်းမောင်နှင့် စိုးမြင့်တို့၏ ဘဝတစ်စေ့တစောင်းကို စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့သည်။

### အောင်ပွဲအလီလီ ရယူဆွတ်ခူးပေးခဲ့

တစ်ခေတ်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့အားကစားလူရည်ချွန်များသည် ယခုမျက်မှောက်ခေတ်ကဲ့သို့ နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်းကို မခံစား၊ မစံစားခဲ့ကြရသော်လည်း နိုင်ငံနှင့် လူမျိုးအတွက်ဟူသည့် ခံယူချက်ဖြင့် အရိုးကြေကြေ အရေခန်းခန်း၊ မလျှော့သောဇွဲလုံ့လ၊ ဝီရိယ၊ သတ္တိအပြည့်တို့ဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အနိုင်မခံ အရှုံးမပေးဘဲ အောင်ပွဲအလီလီ ရယူဆွတ်ခူးပေးခဲ့ကြပါသည်။

ကျွန်းဆွယ်အားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မမိုးစံသည် အမျိုးသားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရှုံးနိမ့်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း စိတ်ဓာတ်မကျ၊ **“ငါ တစ်နေ့နိုင်ရမည်”** ဟူသော ခံယူချက်ဖြင့် အောင်စိတ်မွေးပြီး ရည်မှန်းချက်ပြည့်ဝစေရန် ဆက်လက်ကြိုးစားလေ့ကျင့်ခဲ့သည်။

Burma’s Golden Boy ဟု ကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် ထင်ရှားကျော်ကြားခဲ့သော အာရှနှင့် ကျွန်းဆွယ်အားကစားပြိုင်ပွဲ တာလတ်အပြေးချန်ပီယံ ဂျင်မီကရမ်တန်ဆိုလျှင် ဆဋ္ဌမကျွန်းဆွယ်ပြိုင်ပွဲတွင် ခြေနာနေသောဒဏ်ကြောင့် ဖိနပ်မစီးဘဲ ယှဉ်ပြိုင်ခဲ့ရာ ခြေထောက်မှသွေးများ ယိုစီးနေသော်လည်း အားမာန်မလျှော့ဘဲ ဆက်လက်ယှဉ်ပြိုင်ခဲ့ပါသည်။

သို့ဖြစ်၍ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် အာရှအဆင့်အားကစားပြိုင်ပွဲများတွင် မြန်မာအားကစားမောင်မယ်များသည် တစ်ခေတ်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားလူရည်ချွန်များကဲ့သို့ အရိုးကြေကြေ အရေခန်းခန်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အောင်စိတ်မွေးမြူကာ အလှည့်ကျလျှင် မနွဲ့စတမ်း နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြပါစို့။ ။

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး အထက်တန်းကျောင်း ယာယီကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် နေပြည်တော် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပျဉ်းမနားမြို့နယ် အထက-၁ အခြေခံပညာအထက်တန်းကျောင်း၌ ယာယီကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ဆောက်လုပ်ဆဲ ယာယီကျောင်းဆောင်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

**အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်**

ကွင်းဆင်းစစ်ဆေးရာတွင် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က ကျောင်းသားများ စာသင်ကြားရန် နေရာအဆင်ပြေစေရေး အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ရွှေကြာပင် အားကစားကွင်း၌ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲသို့ နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဖူဆယ် အားကစားအသင်းကို တွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် နေပြည်တော်အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ယှဉ်ပြိုင်ရမည့် အားကစားနည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နေပြည်တော် အမျိုးသား/



အမျိုးသမီး အားကစားဆပ်ကော်မတီဝင်များ၊ နည်းပြများ၊ အုပ်ချုပ်သူများက ဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အားကစားပြိုင်ပွဲများ အောင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

---

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**ကြို့ပင်ကောက် ဩဂုတ် ၁၃**

ကြို့ပင်ကောက်မြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်း အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေး ဟောပြောခြင်းတို့ကို ယမန်နေ့က အထက (ကြို့ပင်ကောက်) နှင့် အခြေခံပညာကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။

မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကင်းစင်ပပျောက်ရေးအတွက် မြို့နယ် ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုးနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး တာဝန်ခံ ဆရာဝန် ဒေါက်တာမေဇော်တို့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ခြင်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းများ၊ အဘိတ်ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ အသိပညာပေးခြင်းတို့ကို



ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

# ချောက်မြို့ အထက (၁)ကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**ချောက် ဩဂုတ် ၁၃**

ချောက်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အထက(၁)ကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဦးမန်းအောင်က အမှာစကား ပြောကြားပြီး ချောက်မြို့နယ် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းအဖွဲ့ ခေါင်းဆောင် မျက်စိအထူးကု ဆရာဝန် ဒေါက်တာဆောင်းမို့မို့ဝင်းက ကျောင်းကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အကောင်းဆုံးနှင့် အာဟာရအုပ်စု ငါးမျိုးတွင် ပထမဆုရ အထက (၁)ကျောင်းတို့အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်၊ ခရိုင်ပညာရေးမှူးဦးမန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းတို့က ဆုများ ပေးအပ်ချီးမြှင့်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက KG ကျောင်းသားကျောင်းသူများအတွက် သွားတိုက်ဆေးနှင့် သွားတိုက်တံများကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က လက်ခံရယူသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ကျောင်းများအလိုက် အစာအာဟာရအုပ်စု ငါးမျိုး ခင်းကျင်းပြသမှုများ၊ သွားနှင့်ခံတွင်းရောဂါ ကျန်းမာရေး စစ်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများ၊ အာဟာရကျွေးမွေးခြင်းနှင့် နည်းစနစ်မှန် သွားတိုက်နည်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း လက်တွေ့သရုပ်ပြမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**ကျော်မိုး(ပြန်/ဆက်)**

---

# အင်္ဂလိပ်စကားပြော စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၃**

Mic Up! အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲ (English Speaking Competition) ၂၀၂၅ ကို Belt and Road Youth English-Speaking Competition နှင့် ပူးပေါင်း၍ ဩဂုတ် ၉ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ Junction Square ၌ ကျင်းပသည်။

Mic Up! English Speaking Competition သည် မြန်မာနိုင်ငံတွင် သုံးနှစ်မြောက်ကျင်းပခြင်းဖြစ်ပြီး RVi Group မှ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင် လွန်ခဲ့သည့် သုံးနှစ်က စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲသည် လူငယ်များအတွက် မိမိ၏ စကားပြောစွမ်းရည်နှင့်ပတ်သက်၍ ယုံကြည်မှုတိုးတက်စေရန်၊ အများပြည်သူရှေ့တွင် ဆက်သွယ်ပြောဆိုနိုင်စွမ်းတိုးတက်စေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံရရှိစေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲ၏ Gold Plus Winner တစ်ဦးစီအား ဆုကြေးငွေကျပ်သုံးသိန်း၊ ဆုတံဆိပ်နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် Regional Finals ပြိုင်ပွဲသို့ စရိတ်ငြိမ်းသွားရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ထိုပြိုင်ပွဲတွင် ထိုင်းနိုင်ငံနှင့် အခြားအာဆီယံနိုင်ငံများမှ Gold Plus Winner များနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

Regional Finals တွင် ဆုရရှိသူများကို Belt and Road Initiative ၏ initiative တစ်ခုဖြစ်သည့် တရုတ်နိုင်ငံ၌ ကျင်းပမည့် Global Final ပြိုင်ပွဲသို့ စေလွှတ်မည်ဖြစ်သည်။

Mic Up! English Speaking Competition Myanmar သည် လူငယ်များ၏ English ဘာသာစကားပြောစွမ်းရည်ကို ယုံကြည်မှုရှိစွာဖြင့် ပြောဆိုတတ်ပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် လူငယ်ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်နှင့် မတူညီသော ယဉ်ကျေးမှုများကို ဘာသာစကား၏ စွမ်းအားဖြင့်ကူးလူးပေါင်းစပ်နိုင်ရန်ရည်ရွယ်၍ ကျင်းပနေသည့် ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**




---

# ဇီးကုန်းမြို့နယ်၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေး

**ဇီးကုန်း ဩဂုတ် ၁၃**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန်းမြတ်စိုး၊ ဇီးကုန်းမြို့နယ်မှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မိုးပပထွန်းတို့နှင့်အတူ ယမန်နေ့က ဇီးကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရန်ကုန်-ပြည်လမ်းမှ မယင်းကျေးရွာအဝင်လမ်းပေါ်တွင် ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

---

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## အထူးကုဆရာဝန်ကြီးများအဖွဲ့ ရွှေပြည်သာမြို့နယ်ရှိ ပြည်သူများအား အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသ



**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာန အရှေ့ပိုင်းဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော နယ်လှည့်ကုသရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ်ပြည်သူ့ဆေးရုံ၌ ရပ်ကွက်/ကျေးရွာနေ ပြည်သူများအား အခမဲ့ကျန်းမာရေး ဆေးကုသ ဆောင်ရွက်ပေးသည်။

ကုသရေးအဖွဲ့တွင် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းကုသရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းသန်းနှင့် တိုင်းဒေသကြီး အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးတို့မှ ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များပါဝင်သော အဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ မျက်စိလူနာ ၆၅၀ နှင့် အထွေထွေရောဂါ ၈၂၂ ဦးတို့အား အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးရာတွင် ရွှေပြည်သာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရွှေပြည်သာမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မြတ်မြတ်နှင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**

## ပျဉ်းမနားမြို့နယ်၌ နွေစပါးရိတ်သိမ်းနေမှုနှင့် မိုးစပါးစိုက်ပျိုးရန် မြေပြင်နေမှု ကွင်းဆင်းကြည့်ရှု

**ပျဉ်းမနား ဩဂုတ် ၁၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာ၊ ရွှေကောင်းကံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေစပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် မိုးစပါးစိုက်ပျိုးရန် မြေပြင်နေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများက ငကောင်းကံကျေးရွာ၊ ရွှေကောင်းကံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးစိုက်ပျိုးဧရိယာဧက ၆၀ အနက်မှ အသင်းသားတောင်သူ ဦးကျော်လွင်၏ အောင်နိုင်တိုးစပါးများကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှု၊ အောင်နိုင်တိုးစပါးမျိုးမိုးစပါးစိုက်ပျိုးရန် တောင်သူဒေါ်စန်းညွန့်၏ လယ်မြေတွင် ထွန်ယက်မြေပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော်သမဝါယမဦးစီးဌာနမှ တောင်သူများအားဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



## သာစည်မြို့နယ်၌ အခြေခံသမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော မိုးကြိုဝါစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

**သာစည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ အခြေခံသမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော မိုးကြိုဝါစိုက်ခင်းအခြေအနေများနှင့် ဝါဆွတ်ခူးနေမှုအခြေအနေများကို ယနေ့နံနက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။



ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီဝင်း၊ တာဝန်ကျအဖွဲ့နှင့် မြို့နယ်အသင်းစုဥက္ကဋ္ဌတို့က ဇီးပင်ပေါက်ကျေးရွာ အောင်ရတနာ-၃ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများ စိုက်ပျိုးထားသောမျိုး RAKA-666 နှင့်TBL-195 စိုက်ဧက ၃၃ ဧကကို လှည့်လည်ကြည့်ရှုပြီး ဝါဆွတ်ခူးလျက်ရှိသော အသင်းသားတောင်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ဝါထွက်ရှိမှုအနေဖြင့် အကြိမ်ရေ ၈ ကြိမ်ခူးဆွတ်ပြီးပိဿာချိန် ၄၅၀ ထွက်ရှိကြောင်းနှင့် ကျန်ရှိနေသည်များကို ဆက်လက်ခူးဆွတ်ပြီးပါက ပန်းတိုင်အထွက်နှုန်းရရှိနိုင်ကြောင်း အသင်းသားဝါစိုက်တောင်သူများထံမှ သိရသည်။

ထို့နောက် သာစည်မြို့နယ်တွင် သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အခြေခံသမဝါယမအသင်းသုံးသင်းမှ အသင်းသား တောင်သူ ၄၃ ဦးက မိုးကြိုဝါမျိုး RAKA-666 နှင့် TBL-195 တို့ကို ၁၃၇ ဧကစိုက်ပျိုးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကသာမြို့၌ ပလတ်စတစ်ညစ်ညမ်းမှုအကြောင်းသိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ကသာ ဩဂုတ် ၁၃**

ကသာမြို့၌ ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးစုပေါင်းအားဖြင့် ဆောင်ရွက်ပေးအကြောင်းသိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ရည်ရွယ်၍ ယနေ့နံနက်က ဧရာဝတီမြစ်ကမ်းတစ်လျှောက် မော်တော်ဆိပ်များတွင် ပြုလုပ်သည်။ **(ယာပုံ)**



ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်တွင် ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်များ၊ ပလတ်စတစ်ထုတ်လုပ်မှုနှင့် စွန့်ပစ်မှုအကြောင်းအရာများ၊ တစ်ခါသုံးပလတ်စတစ်အကြောင်းအရာများ၊ မိုက်ခရိုပလတ်စတစ်အကြောင်းအရာများ၊ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်များ၊ ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေးနည်းလမ်းများနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည်။

အဆိုပါလက်ကမ်းစာစောင်များကို ခရိုင်ဦးစီးမှူး ဦးဟိန်းကိုဦးနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**

## ညောင်လေးပင်မြို့နယ်၌ မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ် မဲပေးစက်အသိပညာပေး

**ညောင်လေးပင် ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးယုကြိုင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နန်းလှဲ့လှဲ့ထွေးက မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် သုံးစွဲပုံအဆင့်ဆင့်၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များတပ်ဆင်ပုံ၊ မဲပေးချိန်နှင့် မဲရေတွက်ချိန်တို့တွင် ထိန်းချုပ်စက် ကိုင်တွယ်အသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လက်ပံတန်း၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအခမ်းအနားကျင်းပ

**လက်ပံတန်း ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပခဲ့သော ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်က မြို့နယ် ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကားပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းက ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို အသိပညာပေးပြောကြားကာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဥမ္မာဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား သန်ချဆေးများတိုက်ကျွေးပြီး မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နန့်ယင်းချောင်းရေ မိုးကောင်းမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## လာမည့်လအတွင်း အိန္ဒိယဝန်ကြီးချုပ်နှင့်အမေရိကန်သမ္မတတို့ အမေရိကန်၌ တွေ့ဆုံသွားဖွယ်ရှိ

**နယူးဒေလီ ဩဂုတ် ၁၃**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် လာမည့်လအတွင်း နယူးယောက်မြို့၌ ပြုလုပ်မည့် ကုလသမဂ္ဂ အထွေထွေညီလာခံကို တက်ရောက်မည်ဖြစ်ပြီး တက်ရောက်စဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံသွားဖွယ်ရှိကြောင်း ပြည်တွင်း သတင်းစာဖြစ်သည့် Indian Express တွင် ဩဂုတ် ၁၃ ရက်က ဖော်ပြထားသည်။





သတင်းစာ၏ ဖော်ပြချက်အရ စက်တင်ဘာလနောက်ဆုံးပတ်တွင် သွားရောက်မည့် အိန္ဒိယဝန်ကြီးချုပ်၏ အမေရိကန်ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ဆွေးနွေးမည့် အဓိကအကြောင်းအရာမှာ ကုန်သွယ်မှုဆိုင်ရာပြဿနာများကို ဖြေရှင်းရန်နှင့် အခွန်စည်းကြပ်မှုဆိုင်ရာ ဘုံသဘောတူညီချက် ရရှိရန်ဖြစ်ကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

## ဘရူနိုင်းနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်

**ဘန်ဒါဆီရီဘီဂါဝမ် ဩဂုတ် ၁၃**

ဘရူနိုင်းနိုင်ငံ မြို့တော် ဘန်ဒါဆီရီဘီဂါဝမ်အနီး ကမ်ပေါင်ဘီလမ်ဘင်းဂ်ကျေးရွာတွင် ၃၀ မဂ္ဂါဝပ်ရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမှာ ဘရူနိုင်းနိုင်ငံ၏ သန့်ရှင်းသော စွမ်းအင်ရည်မှန်းချက်အတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဘရူနိုင်းနိုင်ငံ၏ နေ့စဉ်ထုတ် Borneo Bulletin သတင်းစာတွင် ဖော်ပြထားသည်။ အဆိုပါစီမံကိန်းကို ၂၀၂၆ ခုနှစ်ကုန်ပိုင်းတွင် စတင်လည်ပတ်နိုင်ရန် စီစဉ်ထားကြောင်း၊ ယင်းစက်ရုံမှ ထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ဓာတ်အား စုစုပေါင်းက အိမ်ခြေ ၁၅၅၀၀ ကျော်ကို လျှပ်စစ်ဓာတ်အား ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါစက်ရုံသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပြင် သစ်ပင်ပေါင်း ၁ ဒသမ ၈၇ သန်း စိုက်ပျိုးခြင်းနှင့် ညီမျှသော နှစ်စဉ်ခန့်မှန်းခြေ ကာဗွန်ဒိုင်အောက်ဆိုက် တန် ၄၁၀၀၀ ကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဘရူနိုင်းနိုင်ငံသည် ဘော်နီယိုကျွန်း၏ မြောက်ဘက်အပိုင်းတွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အပူပိုင်းဇုန်တွင် တည်ရှိသောကြောင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝကြောင်း သိရသည်။

**ဆင်ဟွာ**

## အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မီးလောင်မှု မိသားစုဝင်ခုနစ်ဦး သေဆုံးခဲ့ရ

**ဘဂ္ဂဒက် ဩဂုတ် ၁၃**

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဥဗရ ရပ်ကွက်တွင် ဩဂုတ် ၁၃ နံနက်ပိုင်းက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ မိသားစုဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေး သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

မီးလောင်မှုသည် အရှိန်အဟုန်ဖြင့် ပျံ့နှံ့နေသောကြောင့် အရပ်ဘက်ကာကွယ်ရေး အဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် မလုပ်နိုင်ခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် ၎င်းတို့သည် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ပတ်ဝန်းကျင်ရှိ နေအိမ်များသို့ မကူးစက်အောင် တားဆီးနိုင်ခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးမှ အာလာမိုဟာမက်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

မီးလောင်ရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း မိုဟာမက်က ဆက်လက်ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ ဒေသများတွင် နွေရာသီအပူရှိန် ၅၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်နေသောကြောင့် မီးလောင်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

ဇူလိုင်လတွင် အီရတ်နိုင်ငံ အရှေ့ပိုင်း ဝါဆစ်ပြည်နယ်၏ မြို့တော်ကွတ်တွင် ကြီးမားသော မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၆၁ ဦး သေဆုံးခဲ့သည်။ ရက်ပိုင်းအနည်းငယ်အကြာ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ အရပ်သားအိမ်တစ်အိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးပြီး အခြားနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**



## ကိုင်ရိုမြို့၌ ဂါဇာအပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများပြန်လည်စတင်မည်

**ကိုင်ရို ဩဂုတ် ၁၃**

ဩဂုတ် ၁၂ ရက်က အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုမြို့သို့ ရောက်ရှိလာသော ဟားမားစ်ကိုယ်စားလှယ်အဖွဲ့သည် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်ပြီး ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ပြုလုပ်သွားမည်ဖြစ်ကြောင်း Al-Qahera သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

၎င်းတို့သည် ရက် ၆၀ ကြာ ယာယီအပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးရရှိရန် ဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်စတင်နိုင်ရေး အီဂျစ်နိုင်ငံသည် အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ခါလီယာအယ်ဟေယာ ဦးဆောင်သည့် ဟားမားစ်ကိုယ်စားလှယ်အဖွဲ့သည် အပစ်အခတ်ရပ်စဲရေးအတွက် အီဂျစ်ထံမှ အကြံဉာဏ်ရယူရန် အီဂျစ်နိုင်ငံသို့ရောက်ရှိလာသည်။

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်မှာ ရှေ့မတိုးသာနောက်မဆုတ်သာအခြေအနေနှင့် တွေ့ကြုံပြီးနောက် ယခုခရီးစဉ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဟားမားစ်တို့နှင့် တစ်စိတ်တစ်ပိုင်း အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများပြန်လွှတ်ပေးရေး သဘောတူညီချက်အတွက် မျှော်လင့်ချက်မှာ ဒီထက်ပို၍ ဖြစ်နိုင်တော့မည်မဟုတ်ဟု ယုံကြည်ကြောင်း ဩဂုတ် ၁၂ ရက်အစောပိုင်းတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောသည်။ **ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံက ခုနစ်လအတွင်း အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု ၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်

**ဖနောင်ပင် ဩဂုတ် ၁၃**

ယခုနှစ် ပထမခုနစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၇ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် ၅ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဩဂုတ် ၁၃ ရက်က တရားဝင်အစီရင်ခံစာတစ်ခု၏ ဖော်ပြချက်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အခြားအာဆီယံနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများတင်ပို့နိုင်ခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ်ကထက် ၁၇ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ စုစုပေါင်း သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၄ ဘီလီယံရှိပြီး ၀ ဒသမ ၉၂ ရာခိုင်နှုန်းမြင့်တက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ပထမခုနစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၈၈ ဘီလီယံရှိခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏမှာ ၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အဓိကတင်ပို့သည့် ကုန်ပစ္စည်းများမှာ အဝတ်အထည်၊ ဖိနပ်၊ ခရီးဆောင်ပစ္စည်း၊ အိတ်၊ နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြား၊ ကားတာယာ၊ အီလက်ထရွန်နစ်ပစ္စည်းများအပြင် ဒူးရင်း၊ ငှက်ပျောသီး၊ ဆန်စသည့် စိုက်ပျိုးရေးထွက်ကုန်များ ပါဝင်ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ **ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံတစ်ဝန်း နေရာ ၄၂ ခုရှိ မိလ္လာနမူနာများတွင် ပိုလီယိုဗိုင်းရပ်စ် တွေ့ရှိ

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၃**

ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား ၁ ကို ပါကစ္စတန်တစ်ဝန်းရှိ နေရာပေါင်း ၄၂ ခု မှ မိလ္လာနမူနာများတွင် တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနအာဏာပိုင်များက ဩဂုတ် ၁၂ ရက်တွင် ပြောသည်။ ဇူလိုင်လအတွင်း ခရိုင်ပေါင်း ၈၇ ခုမှ မိလ္လာနမူနာပေါင်း ၁၂၇ ခုကို စုဆောင်းကောက်ယူခဲ့ပြီး စစ်ဆေးမှုများပြုလုပ်ခဲ့သည်ဟု အစ္စလာမ္မာဘတ်ရှိ အမျိုးသားကျန်းမာရေးအင်စတီကျု၏ ပိုလီယိုပပျောက်ရေးအတွက် ဒေသတွင်းရည်ညွှန်းဓာတ်ခွဲခန်းမှ စမ်းသပ်မှုများအရ သိရသည်။ ၎င်းတို့ထဲမှ မိလ္လာနမူနာ ၇၅ ခုတွင် ပိုလီယိုဗိုင်းရပ်စ် မတွေ့ရှိရဘဲ ၄၂ ခုတွင် ပိုလီယိုဗိုင်းရပ်စ်တွေ့ရှိရပြီး ၁၀ ခုမှာ စစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၆ -၈ - ၂၀၂၅ ရက် (စနေနေ့)တွင် **ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ် (၃၃) တွင်** မိဘထံမှ အမွေရသည့် အိမ်ကို ပြုပြင်ထိန်းသိမ်း၍ ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်သော ဖြူဖြူနှင့် မပြုပြင် မထိန်းသိမ်းတတ်၍ ပျက်စီးသွားသော ဖွေးဖွေးတို့ ယုန်ညီအစ်ကိုနှစ်ကောင် အကြောင်းကို သရုပ်ဖော်ထားသည့် "ထိန်းသိမ်းကြပါ" မျက်နှာဖုံးကာတွန်း၊ စက်ဘီးစတင်ပေါ်ပေါက်လာပုံနှင့် အသုံးဝင်ပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "စက်ဘီးကမ္ဘာ" သုတဆောင်းပါး ကဏ္ဍ၊ ကလေးတို့ စိတ်ကြိုက်အရောင်လေးများ ခြယ်သနိုင်မည့် "ဆေးရောင်လှလှ ခြယ်ကြရအောင်" ဉာဏ်စမ်းကဏ္ဍ၊ ဒေါသရှေ့ထားပြီး မဆင်မခြင်သောစိတ်ဖြင့် ဖားကို အော်လိုက်မိသောကြောင့် ခြင်္သေ့ကြီး သေဆုံးသွားရသည်ကို သရုပ်ဖော်ထားသည့် "ဒေါသကြီးတဲ့ခြင်္သေ့ကြီး" နှစ်မျက်နှာကာတွန်း၊ ထွန်းတောက်နှင့် သူငယ်ချင်းများသည် လမ်းခင်းရာတွင် စုပေါင်း၍ လုပ်အားပေးထားသည့်အကြောင်းကို ရေးသားထားသည့် "စုပေါင်းအင်အား" ဝတ္ထုကဏ္ဍ၊ ကောက်ကျစ်သော လေ့သူကြီးဆီမှ အသပြာငွေတစ်ထောင်ကို ရအောင်ယူနိုင်သည့် ဉာဏ်ကောင်းသော မောင်အိုင်းအကြောင်း ရေးသားထားသည့် "ဉာဏ်ကောင်းသူ၏ ပရိယာယ်" ပုံပြင်ကဏ္ဍ၊ ဝက်ညီအစ်ကိုတို့မှာ ရွက်လွှင့်တမ်းကစားရာတွင် ရွက်လှေလေး မဆုံးရှုံးရလေအောင် အပ်ချည်ကြိုးဖြင့် ချည်ပြီးကစားသည်ကို သရုပ်ဖော်ထားသည့် "ဝက်ညီအစ်ကို" နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စကားပြောဆိုရာတွင် သဘာဝကျနစွာ ပြောဆိုလေ့လာနိုင်မည့် "အခြေခံလိုအပ်သည့် အီဒီယမ်" ကဏ္ဍ၊ ချက်စူ၏ဖခင် ရှင်းပြလိုက်သောကြောင့် ခဲတံတိုလေးတွေကို လွှင့်မပစ်ဘဲ ဝတုတ်ကဲ့သို့ အသုံးပြုကြမည့် ဗိုက်ပူတို့ သူငယ်ချင်းများအကြောင်း သရုပ်ဖော်ထားသည့် "ခဲတံလေး၏ တန်ဖိုး" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းမေးသည်ကို စနောက်၍ ဖြေလိုက်သော မြဂျိုးအကြောင်း သရုပ်ဖော်ထားသည့် "မြဂျိုး" မျက်နှာဝက်ကာတွန်းအပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၁ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ မော်ဘီမြို့နယ် ကြက်ဖြူကန်ကျေးရွာ ကြက်ဖြူကန်ကားမှတ်တိုင်အနီးတွင် အောင်ပြည့်ဖြိုးကျော်(ခ)အောင်အောင် အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် သတင်းအရ မြိတ်မြို့ ရေပုန်းရပ်ကွက် အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းမပေါ်တွင် ထက်လှိုင်မြင့်(ခ)ကိုထက် မောင်းနှင်လာသောဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၅၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၉၈ ဒသမ ၅ သိန်း) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီခွဲတွင် သတင်းအရ ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် အုန်းတောလမ်းရှိ မတင်တင်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅၅ သိန်း) ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ပေါ်ပေါက်ချက်အရ ည ၇နာရီခွဲတွင် ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား ရောင်းချရန် ဝယ်ယူထားရှိသူ ကျော်သီဟ(ခ)စိန်ကြီးအား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်လံခရိုင် အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့အတွင်း၌ တရားမဝင် မီးသွေး တန် ၃၈ ဒသမ ၇၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၁၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၉ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ ဝ ဒသမ ၃၈၃ တန်၊ အခြားသစ် ၉ ဒသမ ၇၁၄ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၃၀၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၅၅၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာအနီး၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Nissan Condor Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် ထီးပိုးကလို့ကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၃၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၁၈၇၈၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက်တွင် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၂၂၈၀၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် BEIBEN 2538 SZ Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၇၃၂၈၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင် ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး တန် ၃၆ ဒသမ ၄၈၀၊ ကျွန်းသစ် ၄ ဒသမ ၆၀၈ တန်၊ အခြားသစ် ၃ ဒသမ ၀၃၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၉၂၃၁) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၉၇၆၉၂၃၁)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၈၁၆၆၅) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ဩဂုတ် ၁၂ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ငါးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၄၇၆၂၈၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ကော့ကရိတ်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ် ပြုလုပ်ပေး



ကော့ကရိတ် ဩဂုတ် ၁၃

ကော့ကရိတ်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ ပင်စင်လစာများ ထုတ်ယူရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ (UID) Unique Identity ဆောင်ရွက်ပေးခြင်းကို ယမန်နေ့မှစ၍ ယာယီရုံးဖွင့်လှစ်ထားသည့် အလေးမအားကစားရုံတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့ကရိတ် ယာယီခရိုင်ဦးစီးမှူး ဦးဇော်ရာနှင့် ဝန်ထမ်းများက Biometric (UID)စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော မြို့နေရပ်ကွက်များမှ အငြိမ်းစားများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မိုးနဲမြို့နယ်၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်း

မိုးနဲ ဩဂုတ် ၁၃

မိုးနဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က လွိုင်မြေရပ်ကွက်ရှိ ဝိဇ္ဇာရိယ ဘုန်းတော်ကြီးသင် မူလတန်းလွန်ပညာရေးကျောင်းသို့ ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘုန်းတော်ကြီးကျောင်းနေရာ၌ ဆောင်ရွက်သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက စာသင်ကိုယ်တော်များနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆေးစိမ်ခြင်ထောင် အလုံး ၂၀ ကို တိုက်အုပ်ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## မိုင်းယန်းမြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်ရရှိရေး ဆောင်ရွက်

မိုင်းယန်း ဩဂုတ် ၁၃

မိုင်းယန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန



၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား Biometric(UID) ကတ်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစိုင်းသောင်းရွှေနှင့် ဝန်ထမ်းများက အငြိမ်းစားပင်စင်လစာငွေရရှိသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ Biometric Data ကောက်ယူ၍ Unique Identification Number (UID) ကတ်ထုတ်ပေးခြင်းနှင့် UID လုပ်ငန်းများကို အဆင်ပြေမြန်ဆန်စွာ ရရှိကိုင်ဆောင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထူး**

## မကွေးမြို့၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

မကွေး ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများ အပြည့်အဝကောက်ခံရရှိရေးအတွက် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၉ ရက်က မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်က တက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ရေကောင်းရေသန့်ရရှိစေရန် ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်

ကွန်ဟိန်း ဩဂုတ် ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့ မြို့ပေါ်ရှိ ရပ်ကွက်များတွင် ကလိုရင်းဆေးခတ်ခြင်းများကို ယမန်နေ့မှစ၍ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကလိုရင်းဆေးခတ်ခြင်းသည် ကလိုရင်းဓာတ်ငွေ့ကို ရေထဲသို့ ပြန့်သွားအောင် ပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်စေသည့် ပိုးမွှားများအား ထိန်းချုပ်ရန်နှင့် သေကျေပျက်စီးစေပြီး သောက်သုံးရန် သင့်လျော်သော ရေကောင်းရေသန့်ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ ကလိုရင်းဆေးခတ်ခြင်းကို ကျန်းမာရေးဆရာမ ဒေါ်ခင်



မာအေးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်စာရေးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**ကွန်ဟိန်း(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နတ်တလင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး

**နတ်တလင်း ဩဂုတ် ၁၃**

နတ်တလင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ နတ်တလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်မေလမင်းထွန်းက မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အခမ်းအနား တက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ပြီး သရုပ်ပြ ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

# မင်းလှမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေး

**မင်းလှ ဩဂုတ် ၁၃**

မင်းလှမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ထူးက အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်ဇင်နွယ်ခိုင်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အကြောင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် အခမ်းအနားတက်ရောက်လာသည့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုစုပေါင်းမဲဆန္ဒရှင် ၁၃၀ တို့က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် စမ်းသပ်မဲပေးခြင်းများ လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ကျေးသီးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်စကားဝိုင်းကျင်းပ

**ကျေးသီး ဩဂုတ် ၁၃**

ကျေးသီးမြို့နယ်၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေ ဗဟုသုတများ ကြွယ်ဝလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။



ဦးစွာ အလယ်တန်းပြဆရာမ ဒေါ်ဌေးဌေးမြင့်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တာဝန်ပေး) ဒေါ်စန်းစန်းယဉ်က လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ပြာဝေက လူငယ်နှင့်ကျန်းမာရေးအကြောင်းနှင့် အမျိုးသမီးရေးရာ အသင်းအဖွဲ့ဝင်များက ဝိုင်းဝန်းဖြည့်စွက် ဆွေးနွေးကြသည်။

ဆက်လက်၍ Grade-7 ကျောင်းသား မောင်ရှိုင်းပြည့်က လူငယ်နှင့် စာရိတ္တ၊ Grade-8 ကျောင်းသူ နန်းစဝ်လောဝ်နွံက လူငယ်နှင့်မူးယစ်ဆေး၊ Grade-7 ကျောင်းသူ နန်းမောက်ကျောက်စဉ်းသျှိုက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-6 ကျောင်းသား မောင်ရဲရင့်မြင့်မိုရ်အောင်က လူငယ်နှင့် အားကစား၊Grade-6 ကျောင်းသူ ယိင်းဟွမ်နွမ်းဆီက လူငယ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းငင်း(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ကျိုက်လတ် ဩဂုတ် ၁၃**

ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က ကျိုက်လတ်မြို့နယ် သာယာဝဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။



အဆိုပါ လူငယ်စကားဝိုင်း ကျင်းပရာတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်နိုးသူတို့နှင့်အတူ Grade-11 မှ မောင်ဇင်ကိုကိုထက်က လူငယ်နှင့် ကိုယ်ကျင့်တရား၊ မသက်မှူးအောင်ဆန်းက လူငယ်နှင့် အားကစား၊ Grade-10 မှ နော်အေးပွင့်ဖူးက လူငယ်နှင့် စာပေ၊ မဝတ်ရည်ကျော်က လူငယ်နှင့် မူးယစ်ဆေး၊ မောင်ဆိုင်းစိုင်းနောင်က လူငယ်နှင့်စည်းကမ်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေး ပြောကြားသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ဆွေးနွေးပြောကြားသည့် ကျောင်းသားကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ အထက(ခွဲ)(သာယာဝဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းဇော်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**



# ပေါင်မြို့နယ်၌ အခြေခံစားသောက်ကုန်စည်များ ရောင်းချပေး

**ပေါင် ဩဂုတ် ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက် မင်္ဂလာဈေး၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန်စည်များဖြစ်သည့် စားအုန်းဆီတစ်ပိဿာ ရည်ညွှန်းဈေး ငွေကျပ် ၆၉၅၄ ၊ကြက်ဥလေးလုံး ငွေကျပ် ၁၅၀၀ စသည်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ရာ အများပြည်သူများ ဝယ်ယူအားပေးခဲ့သည်။

အဆိုပါဈေးရောင်းချခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်ဦး၊ အဖွဲ့ဝင် ဦးကျော်လင်းဦး၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် ဈေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သက်သာချောင်ချိရေးဆိုင်၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



# ကြို့ပင်ကောက်မြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းပြသ

**ကြို့ပင်ကောက် ဩဂုတ် ၁၃**

ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် ပတ်သက်၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်ရီရီစိုးက မြန်မာအီလက်ထရာနစ်မဲပေးစက်(MEVM)အကြောင်း ရှင်းလင်းပြသပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကာ ဒေသခံပြည်သူများ၏ သိလိုသည့်အကြောင်းအရာများကို မြို့နယ်ရွေးကောက်ပွဲအရာရှိက ရှင်းလင်းဖြေကြားပေးခဲ့သည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ခရမ်းမြို့နယ် ကျုံမရေကျေးရွာ၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၃**

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကျုံမရေကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာနေရာ၌ စိုက်ပျိုးသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားနိုင်က မိုးရာသီ သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာ၌ စိုက်ပျိုးရမည့် ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံယူသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်း၍ ကျုံမရေကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာ၌ မန်ကျည်းပင်ရှား ပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သော်ဇင်ထူး**

# ကျောက်ကြီးမြို့နယ်၌ ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် မိုင်းအန္တရာယ် အသိပညာပေးဟောပြော

**ကျောက်ကြီး ဩဂုတ် ၁၃**

ကျောက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သပြေဆောင်ခန်းမ၌ ယနေ့နံနက်ပိုင်းက မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) စီစဉ်မှုဖြင့် "အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း" အသိပညာပေးဟောပြောပွဲပြုလုပ်ရာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြက်ခြေနီ အကြောင်းသိကောင်းစရာများနှင့် မိုင်းအန္တရာယ်အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး မင်းမြတ်ဘုန်းက "အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း" အသိပညာပေးအနေဖြင့် မြေမြှုပ်မိုင်း၊ လက်လုပ်မိုင်း၊ ကြိုးဆွဲမိုင်းတို့၏ အန္တရာယ်ကြီးမားပုံများ၊ မိုင်းအန္တရာယ်သတိပေးထားရှိတတ်ပုံ



များ၊ မိုင်းအားတွေ့ရှိပါက ကြိုတင်ရှောင်ရှားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပို့ရန် စသည်ဖြင့် ပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# အလက (အုတ်ပုံ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**ပေါက်ခေါင်း ဩဂုတ် ၁၃**

ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး လုပ်ငန်းများအား အလက (အုတ်ပုံ)ကျောင်း၌ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ



ဒေါ်ချစ်နှင်းသုန်က ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်လာစေရန်၊ ကျောင်းသားလူငယ်လေးများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်ဇင်ဇင်မင်းမောင်က လူငယ်နှင့်စာပေအကြောင်းကိုလည်းကောင်း၊ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သင်းသင်းထွေးက လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူလေးများကို ရုပ်ပုံပါ စာအုပ်ဖြင့် ပုံပြင်ပြောခြင်း၊ စက္ကူပြဇာတ်ဖြင့် ပုံပြင်ပြောပြခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ဖတ်ရှုစေခြင်းနှင့် လူကုန်ကူးမှုအသိ ပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင် (ပြန်/ဆက်)

# မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသည့်စပါးခင်းအား ဓာတ်မြေသြဇာကြဲပက်ထည့်သွင်းခြင်း ကွင်းသရုပ်ပြ

**ဘိုကလေး ဩဂုတ် ၁၃**

ဘိုကလေးမြို့နယ် မိုးစပါးပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေးအတွက် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးထားသည့် သက်ံဝကျေးရွာအုပ်စု ငွေတောင်ကျေးရွာမှ စပါးခင်းအား ဓာတ်မြေသြဇာ ကြဲပက်ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကျော်ညီညီထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး သက်ံဝကျေးရွာအုပ်စု ငွေတောင်ကျေးရွာ ကွင်းအမှတ် (၇၀၉) ဦးပိုင်(၁၀) တောင်သူ ဦးတင်စိုး၏ လယ်မြေ၌ အောင်နိုင်တိုးစပါးခင်းကို ပေါင်းလိုက် သမန်းနှီးခြင်းနှင့် ဓာတ်မြေသြဇာ ကြဲပက်ခြင်း ကွင်းသရုပ်ပြမှုကို ကြည့်ရှု အားပေးခဲ့ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိက ကွင်းသရုပ်ပြပွဲ တက်ရောက်ကြသူများအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

# ပုသိမ်ကြီးမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်လှူဒါန်းပွဲကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၁၃**

မန္တလေးမြို့ စာရေးဆရာကြီးများက ဦးဆောင်၍ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းခြင်း အခမ်းအနားကို ပုသိမ်ကြီးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ယနေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇင်မင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ နိုင်စေရ (မန်းတက္ကသိုလ်) နှင့် အဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာစိုင်းအောင်မိန်း၊ ဆရာမဒေါ်နုနုကြည် (အမေ့အိမ်) ကိုယ်စားလာရောက်လှူဒါန်းကြသည့် စာရေးဆရာကြီးများ တက်ရောက်ကြပြီး စာရေးဆရာ ဒေါက်တာခွန်စိုးမိုးရေးသားသည့် "နှလုံးရောဂါနှင့် လေဖြတ်ခြင်း မဖြစ်စေရ" စာအုပ်များ



ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်၊ မြို့မအလင်းရောင်စာကြည့်တိုက်နှင့် ဘဝအသိစာကြည့်တိုက်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇာနည်ကိုကို (ပြန်/ဆက်)

# ကရသူရိမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ကရသူရိ ဩဂုတ် ၁၃**

ကရသူရိမြို့၌ ကျောင်းသား ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း၌ ဟောပြောသည်။

ဟောပြောခြင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့ဦးစီးမှူးက ကလေးအလုပ်သမားဆိုသည်မှာ အဓမ္မခိုင်းစေခံနေရသည့် ကလေးများအကြောင်း၊ အသက်မပြည့်သေးသည့် ကလေးများအား သွေးဆောင်ဖြားယောင်းခိုင်းစေနေခြင်းအကြောင်း၊ ပါဝင်ပတ်သက်သူများ၏ တုံ့ပြန်ချက်များ၊ ဘေးအန္တရာယ်ကျရောက်နေသော ကလေးအလုပ်သမား၊ ကလေးသူငယ်အလုပ်သမားသည် တရားမဝင်ကြောင်း၊ ကလေးငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး ပူးပေါင်းကာကွယ်ဆောင်ရွက်ပေးရေးတို့ကို ဟောပြောပြီး ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး နံရံကပ်ဘုတ်များနှင့် စာအုပ်/ စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

ကရသူရိ(ပြန်/ဆက်)



# ဇီးကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ဇီးကုန်း ဩဂုတ် ၁၃**

ဇီးကုန်းမြို့နယ်၌ ဒေသခံမဲဆန္ဒရှင်ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်စုစုနှင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများနှင့် အသုံးပြုပုံ/ အသုံးပြုနည်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် မဲဆန္ဒရှင်ပြည်သူများက သိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

တင့်ဆွေ(ပြန်/ဆက်)

# ဆီဆိုင်မြို့နယ်၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**ဆီဆိုင် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသဦးစီးမှူး ဦးဝင်းကျော်မျိုးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်သူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ အဆိုပါ သင်တန်းကို သင်တန်းသား ၁၃ ဦး တက်ရောက်ပြီး ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၂ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ခမ်း ၁/ဒဖယ(နိုင်)၀၀၀၃၁၁၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၀၄၀၃၅၈

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဂီတာဒေဝီ ၁/မကန(နိုင်)၀၂၂၁၁၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၄၃၉၆၃၃

## အမည်မှန်

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အမှတ်(၇၃၂)နေ ဦးတင်ဝင်းမောင်၏သား၊ မောင်လှိုင်ဝင်းထွန်း၏ အမည်မှန်မှာ မောင်အောင်ကောင်းမော် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးလီဆီးဟူး၏သမီး မြစ်ကြီးနားမြို့၊ အထက(ခွဲ)အာလမ်(၁)၊ Grade-10 မှ မအားဇီမီး၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၁၁-၂၀၀၉) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ် အမှတ် (၈) ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၇)၊ မြေကွက်အမှတ်(A၅)၊ မြေရိယာ (၀ဒသမ၁၁၀)ဧက၊ မြေကွက်အမှတ်(A၆)၊ မြေရိယာ (၀ဒသမ၁၁၀)ဧက၊ မြေကွက်အမှတ်(A၇)၊ မြေရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေအား ဒေါ်ချိုမေလွင်မှ မြေငှားဂရန်အသစ် လျှောက်ထားလာ မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်အမှတ် (၄) ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ်(၃၇၅)၊ မြေရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေအား ဒေါ်ခင်စောမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက မြေငှား ဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ လှိုင်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၈၄၇-က/ဆီးယင်း)၊ ဦးပိုင်အမှတ် (၃၆၆၆/၄၄၀၄)၊ ဧရိယာ (၀ဒသမ၁၀၃)ဧကရှိ ဝင်းမြေအား ဦးဟောက်ဇပေါင် ၅/ကလထ(နိုင်)၀၂၈၆၁၇နှင့် ဦးထန်ရှမ်းဆုန်း ၅/ကလထ(နိုင်)၂၀၈၄၆၄က မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟောက်ဇပေါင်၊ ဦးထန်ရှမ်းဆုန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဦးပိုင်အမှတ် - ၄၇/၃၁၊ ကွင်းအမှတ်-၆၈၊ ဆင်သေအင်းကွင်း၊ ရွှေမြယာကုန်းကျေးရွာ၊ အေးသုခရပ်ကွက်၊ အေးသုခ(၁)လမ်း၊ အကျယ်အဝန်း (၂၀ ပေ x ၈၀ ပေ)ရှိ ဦးတင်စိုး အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိ အဆက်အစပ်စာချုပ်များဖြင့် ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နုလှတင် (၁၁/ မဥန(နိုင်) ဝ၃၁၄၈၅)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ကျော့ကျော့မွေး (၈/ အလန(နိုင်)၁၃၉၅၅၃)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ကျော့ကျော့မွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း (LLB, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)**
**အမှတ်-၄ ၊ မြေညီ ၊ သီရိလမ်း ၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**Ph 09420040149, 0943043205**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/6108,Honda Insight ZE 2, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုမွန်ထက် ၁၄/ပသန(နိုင်)၂၀၈၉၁၉က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/77686 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးသီရိစိုး ၇/ဒဥန(နိုင်)၁၈၆၇၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(၁))
## ကော့သောင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၈

ဦးစိုင်းလှိုင်ဘုန်းအောင် **တရားလို** နှင့် ဦးအောင်စိုး **တရားပြိုင်**

ဗိုလ်ချုပ်လမ်း၊ ၁၀မိုင်ကျေးရွာ၊ ကော့သောင်းမြို့နယ်ရပ်နေ ဦးအောင်စိုး (ယခုနေရပ်လိပ်စာမသိ) အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းလှိုင်ဘုန်းအောင်က ဥယျာဉ်ခြံမြေအား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၂ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လကွယ်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည် ။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်အတူ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျုံးထောင်းလျှန်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကော့သောင်းမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉/၃၊ ဦးပိုင်အမှတ် ၈၀/ဧရိယာ(၀ဒသမ၀၉)ဧက/ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက်၊ မဇေင်သိန်းလမ်းတောင်ဘက်ရှိ မြေကွက်အား ဦးညီညီအောင် ၉/ပကခ(နိုင်) ၀၃၀၇၅၈က အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် ၅၉၄-ခ/၃၊ ဦးပိုင်အမှတ် ၁၇၊ ဧရိယာ(၀ဒသမ၀၂)ဧက/တံခွန်တိုင်ဈေးလမ်းတောင်ဘက်၊ရန်ကုန်-မန္တလေးကားလမ်း အနောက်ဘက်ရှိ မြေကွက်အား ဒေါ်ခင်စန်းဌေး ၉/အမရ(နိုင်)၁၁၂၇၉၀ က အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့် လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း
## ဆရာတော် ဘဒ္ဒန္တကက္ကန္ဒက၏ လွှဲအပ်မိန့်ကြားချက်အရ-

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကောလိပ်ကိုက္ကုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိလောက (၆/မအရ (သ)၀၀၀၁၅၁)သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝင်ဘော်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်- ၅၅၈၊ တောင်ဘိုးလှကွင်း၊ ဧရိယာ (၅၈.၅၈) ဧက မြေကွက်အမှတ် (၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၁၄) တို့အနက်မှ တစ်ဝက်ဖြစ်သော ဧရိယာ (၂၉.၂၉) ဧက ရှိမြေကို ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ (၇/ကဝန(သ)၀၀၀၀၁၄၂)အား သက်ဆိုင်ရာ သက်သေများရှေ့မှောက်၌ ကတိစာချုပ်ပြုလုပ်စွန့်လွှတ်လှူဒါန်းပြီးဖြစ်ပါသည်။

ဒေါက်တာဘဒ္ဒန္တဓမ္မပိယသည် ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာနှင့် ပြည်တွင်းပြည်ပ မေတ္တာနန္ဒကျောင်းတိုက်များ၏ (ယခုလက်ရှိ) မဟာနာယကဆရာတော် ဘဒ္ဒန္တဃောသိတာဘိဝံသ (၉/မနတ (သ) ၀၀၁၉၈၀) အား သက်ဆိုင်ရာသက်သေများရှေ့မှောက်တွင် သုဒိန္နသုဂ္ဂတိမြောက် စွန့်လွှတ်လှူဒါန်းပြီးဖြစ်ပါသည်။ဆရာတော်ဘုရားသည် ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာကျောင်းတိုက်၏ တိုက်အုပ် ဆရာတော် ဘဒ္ဒန္တကက္ကန္ဒက (၉/အမရ (သ) ၀၁၁၉၂၇) အား ကံကော်တစ်ထောင်ကျောင်းတိုက် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ သာသနာပြုခဲ့သော ကွင်းအမှတ် - ၅၅၈၊ တောင်ဘိုး လှကွင်း၊ ဧရိယာ (၅၈.၅၈) ဧက မြေကွက်အမှတ် (၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၁၄) တို့အနက်မှ တစ်ဝက်ဖြစ်သော ဧရိယာ (၂၉.၂၉) ဧကနှင့် ဆက်စပ်သမျှ အာရာမ ၊ အာရာမဝတ္ထု၊ ဝိဟာရ၊ ဝိဟာရဝတ္ထု၊ ဂရုဘဏ်၊ လဟုဘဏ်၊ ပစ္စည်းအရပ်ရပ်တို့ကို သက်ဆိုင်ရာ သံဃာ့နာယက အဖွဲ့နှင့်သက်သေများ ရှေ့မှောက်၌ ကတိစာချုပ်ပြုလုပ်၍ အာလယပြတ် စွန့်လွှတ်လှူဒါန်းပြီး ဖြစ်ပါသည်။ ဆရာတော် ဘဒ္ဒန္တကက္ကန္ဒကသည်လည်း ဆက်လက်၍ သာသနာပြုလျက်ရှိပါသည်။

သို့ပါသောကြောင့် အထက်ဖော်ပြပါ သာသနာ့မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဆရာတော် ဘဒ္ဒန္တကက္ကန္ဒက၏ သဘောတူခွင့်ပြုခြင်းမရှိဘဲ တစ်ခြားသူထံသို့ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းတို့အား လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချောစုသန့် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ )(စဉ်-၁၇၇၇၇)**
**အမှတ် (၇/၈၆၇)၊ ဓမ္မပါလလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၃၆၈) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော [မြေကွက်အမှတ်(၃၆၇)နှင့် ကပ်လျက်အခြမ်း] (၂၀x၆၀)ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကြည်ဝင်း (၁၀/မလမ(နိုင်)၁၄၇၀၁၄)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝင်းယုမော်(၅/တမန(နိုင်)၀၀၀၅၃၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အိလှိုင်ဝင်း (၁၂/ဗဟန(နိုင်)၀၈၇၉၃၈)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉ ၇၇၂၇၇၇၇၁၂၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉ ၉၇၃၀၀၂၁၁၇**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်း အမှတ်(၃၂)၊ ဦးပိုင် အမှတ်(၃၃၄)၊ မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေကွက်သည် ဦးလဘိုအောင် အမည်ဖြင့် (၁၀)နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးလဘိုအောင်နှင့်ဇနီး ဒေါ်ပေါဲလု (၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ တစ်ဦးတည်းသောသမီး၊ ဒေါ်ထုလွမ် ၁/မကန(နိုင်)၀၁၅၉၉၆က(၁၃-၃-၂၀၁၂)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် အမှတ်(၃၃/၂၀၁၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး မူလမြေဧရိယာ(၀ဒသမ၁၁၀)ဧကအနက်မှ မြေဧရိယာ (၀ဒသမ၀၅၅) ဧကရှိ မြေကွက်အား ဦးပိုင်ခွဲစိတ်၍ ဒေါ်ထုလွမ်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁၂) ဇီးလွန်၊ Grade-9(B)မှ မရွယ်မျိုး၏ မိဘအမည်မှန်မှာ ဦးလဖိုင်နော်မိုင် ၁/ကမတ(နိုင်)၀၀၄၀၉၉ နှင့် ဒေါ်ဂွန်ကော့ ၁/ကမတ(နိုင်)၀၀၄၁၁၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(မထွဲ)တွင် စာကူးစက်လှည့် တာဝန်ထမ်းဆောင်နေသော ဦးဇော်မင်းထွန်း ၈/မသန(နိုင်)၀၇၆၉၉၇၏ ဖခင်အမည်မှာ ဦးလှဝင်း၊ ဦးဘိုလှဝင်းနှင့် ဦးဗိုလ်လှဝင်းဟူ၍ အမည်သုံးမျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/5931 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4417 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် ၅၉၄/၁၂၊ မြောက်ဥယျာဉ်၊ ဦးပိုင်အမှတ် ၁၀၊ ဧရိယာ ၀.၆၀ဧက၊ ရန်ကုန်-မန္တလေးကားလမ်းအရှေ့ဘက် တန့်ကြည်တောင်ဘုရားလမ်းတောင်ဘက်ရှိ မြေကွက်အား ဦးမျိုးသိန်း ၉/မရမ(နိုင်)၀၃၁၇၃၇က အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း ရပ်ကွက်၊ အကွက်အမှတ် အ-၂၀၊ ဦးပိုင်အမှတ် ၈၄၊ ၇၃x ၇၄ ကြား၊ မင်းကြီးရန်နောင်x ရတနာလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၁၅၂/၉၀-၉၁)အရ ဦးစောမောင် SGG-၁၃၇၄၅၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဒေါ်ကြင်မေ ၉/မရမ(နိုင်)၀၆၆၈၂၅မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်းနှင့် မင်းကျောင်းလမ်းထောင့် Excellent Condo၊ ၃လွှာ(B)၊ ဒုတိယထပ်၊ အမှတ်(၄၆)၊ (၁၂၅၇ Sqft) အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးကျော်ထွန်းမင်း ၁၂/လသယ(နိုင်)၀၅၈၃၈၀၀က လက်ရှိ တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် စီမံပိုင်ခွင့်ရှိသူ တစ်ဦးဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်တော်၏မိတ်ဆွေ ဒေါ်ဖြူဖြူဝေ ၇/ကဝန(နိုင်) ၁၈၅၇၁၆က အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့်ငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင် ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးအောင်ကောင်းမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၄၃၅၄၈)**
**အမှတ်(၉၆၆-က)၊ ကျော်သူ(၁၈)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၀၉၁၃၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/5248,HYUNDAI GRAND STAREX,Mini Bus (4 x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာနွယ် ၈/ဆမန(နိုင်)၀၅၅၅၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၅၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထွဋ် ၁၀/မဒန(နိုင်)၂၁၆၈၀၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၉၈၉၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ကိုသန့် ၁၀/မလမ(နိုင်)၂၃၉၀၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖခင်အမည်မှန်

ဒေါ်သင်းသင်းခိုင် ၈/မမန(နိုင်)၂၄၀၇၀၃၏သမီး ပခုက္ကူမြို့၊ မြကန်သာရပ်၊ အမှေ့အိမ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ G-10တွင် ပညာသင်ကြားနေသော မသန္တာဖြိုး ကျောင်းဝင်အမှတ်(MH- ၁၆၃၅)၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်း ဖြစ်ပါကြောင်း။

**ဦးဆန်းမင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(ခွဲ) သဖန်းကုန်းတွင် လက်ထောက်မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဦးငြိမ်းဖြိုး ၈/မသန(နိုင်)၁၃၅၅၅၄၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းရွှေနှင့် ဦးညိမ်းဆွေဟူ၍ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/1805 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**သယ်န်းကျွန်းခရိုင်တရားရုံးတော်**

**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀၀ နှင့်ဆက်နွှယ်သည့်**

**၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၁၈**

| | | |
|---|---|---|
| ဒေါ်လှကြည် | နှင့် | ဦးစိန်မြင့် |
| **ဒီကရီအနိုင်သူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၁၅)လမ်း၊ အမှတ်(၄၄၆/ခ)မြေညီထပ်နေ တရားရှုံး ဦးစိန်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀၀တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၈ရက်(၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သယ်န်းကျွန်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မူလွန်-ထနောင်းဇင်တွင် လက်ထောက်မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်ဇင်မာဌေး ၈/မသန (နိုင်) ၁၀၈၈၅၀၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်နှင့် ဦးတင်လှဟူ၍ အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အထက(ခွဲ)ကျပ်ချောင်း Grade-12မှ မောင်သီဟအောင်၏ ဖခင် ဦးမင်းမင်း ၇/သဝတ(နိုင်) ၀၈၄၃၉၀နှင့် ဦးဇော်မင်းမှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ(၁)အနောက်ပိုင်းရပ်ကွက်နေ (ဘ) ဦးဟုန်လတ် ၇/ညလပ(နိုင်)၀၉၀၈၆၇၊ (မိ)ဒေါ်ကြည်ကြည် ၇/ညလပ(နိုင်)၀၄၇၄၇၁၏သမီးဖြစ်သူ ဒေါ်တင်တင်ဝင်း ၇/ညလပ(နိုင်)၁၀၂၁၅၃ သည်မိဘညီအစ်ကိုမောင်နှမများကို ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ပြီး စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဒေါ်တင်တင်ဝင်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**(ဘ) ဦးဟုန်လတ် ၇/ညလပ(နိုင်)၀၉၀၈၆၇**
**ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၇၅/အေ)၊ ဗိုလ်ချုပ်တောင်ကွင်း၊ ဦးပိုင်အမှတ် (၅၆/၁၂၊ ၅၉၊ ၆၀/၁၊ ၆၂/၁)၊ ဧရိယာ (၆)ဧက အကျယ်ရှိ မြေကွက်ကြီးအတွင်းမှ မြေကွက်အမှတ် (၅၃)၊ အလျား x အနံ ( ၄၀ x ၆၀ )ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဝင်းလွင် (၁၂/သလန(နိုင်)၀၁၂၆၂၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်မော် (၁၂/ဗဟန(နိုင်)၀၉၅၂၅၉) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် ( LL.B,D.B.L,D.I.P.L)(စဥ် - ၁၄၆၆၈) ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် ( LL.B,D.I.P.L )(စဥ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၁)၊ လူနေရပ်ကွက် အမှတ်(၄၁)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်(၈၅၂)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မူရင်းတွင် ဒေါ်အေးအေးအောင် (၅/ကဘလ(နိုင်)၁၃၉၇၂၅) အမည်ပေါက် အလျား (၄၀)ပေ x အနံ(၆၀)ပေ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်အေးအေးအောင် ( ၅/ကဘလ(နိုင်)၁၃၉၇၂၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မေဆုမွန် (၉/ခမစ(နိုင်)၀၁၄၂၅၉) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဆုမွန်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဥ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **အထက်တန်းရှေ့နေ စဥ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊(၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/49122, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့်ဇော် ၇/မလန(နိုင်)၀၉၈၂၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/54405, Honda 125 ယာဉ်လက်ဝယ်ရှိသူ Sweetly November Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/91733, Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ San Myat Zaw Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ပခုက္ကူ)**

